ကြေးမုံ
The Mirror Daily
၁၉၅၇ ခု ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 26 June 2020 ၁၀၀၅၅

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို)သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အစ္ဆရိယအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။


**ဆွေးနွေးလျှောက်ထား**

ယင်းနောက် ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အစ္ဆရိယ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ (မော်စကို) ပရိဝုဏ်အတွင်း လှည့်လည်၍ သာသနိကအဆောက်အအုံ သဒ္ဓမ္မဇောတိကဓဇသိမ်တော် တည်ဆောက်သွားမည့် အခြေအနေများအား ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ဆွေးနွေးလျှောက်ထားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Rajnath Singh နှင့် မော်စကိုမြို့ရှိ Metropol ဟိုတယ်တွင် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှု


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ် Mr. Ivan Ponyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၅

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဘာရိန်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၄၃ ဦးအား ဒိုဟာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၁ နာရီတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❏

## ကြေးမုံ ယနေ့ ဖတ်စရာ


**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မှတ်တမ်းများ**


စာမျက်နှာ » ၆

**မန္တလေး-နောင်ချို-လားရှိုး-မူဆယ်ကားလမ်းပေါ်ရှိ ဂုတ်တွင်းတံတားသစ် မကြာမီဖွင့်လှစ်နိုင်တော့မည်**

စာမျက်နှာ » ၉

**သြစတြေးလျကွန်တက်လေကြောင်းလိုင်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်အကိုင် ၆၀၀၀ လျှော့ချမည်**

စာမျက်နှာ » ၁၃

ကြေးမုံ

# အပြည်ပြည်ဆိုင်ရာမူးယစ်တိုက်ဖျက်ရေး

လူသားမျိုးနွယ်တစ်ရပ်လုံးအား လူညွန့်တုံးပျက်စီးစေနိုင်သောအန္တရာယ်ရှိသည့် မူးယစ်ဆေးဝါးပပျောက်ရေးကို ကမ္ဘာ့နိုင်ငံများအားလုံး အလေးထားတိုက်ဖျက်နေကြသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နှစ်စဉ်ဇွန်လ ၂၆ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" ဟု ၁၉၈၇ ခုနှစ်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် သတ်မှတ်ခဲ့သည်။

မူးယစ်ဆေးဝါးအမျိုးမျိုးတို့ကို မသမာသူဝိသမလောဘသားများနှင့် အဖျက်သမားများက ၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့် အဖျက်လုပ်ရပ်အတွက် လူသားများ၏ ဘဝတန်ဖိုးများကိုမငဲ့ကွက်ဘဲ လက်နက်သဖွယ်အသုံးချလျက်ရှိသည်။ မူးယစ်ဆေးဝါးသမိုင်းကြောင်းတွင် ရှေးက ဘိန်းဟူသောပစ္စည်းကြောင့် လူမှုဘဝများ ပျက်စီးမှုကို ဖြစ်စေခဲ့ပြီးနောက် နည်းပညာများ တိုးတက်လာသည့်ကာလ၌ ဘိန်းဖြူ၊ ဟီးရိုးအင်းမှသည် မက်သာဖက်တမင်း စသည့် စိတ်ကြွမူးယစ်ဆေးပြားများ ထုတ်လုပ်သည်အထိ တိုးတက်လာသည်။ ယခုအခါ ကမ္ဘာအနှံ့တွင် တရားမဝင်မူးယစ်ဆေးဝါးများ ၂၈ မျိုးအထိ ပျံ့နှံ့နေသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ခေတ်အဆက်ဆက်အစိုးရများက အလေးထား တိုက်ဖျက်နေသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ ကျဆင်းသွားခြင်းမရှိပေ။ မူးယစ်ဆေးဝါး အမြောက်အမြားသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများ၊ သုံးစွဲမှုနှင့်ပတ်သက်သည့် ဖမ်းဆီးရမိ သတင်းများကို နေ့စဉ်မြင်တွေ့နေရသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသည် တစ်နှစ်ထက်တစ်နှစ် များပြားလာရာ ပြဋ္ဌာန်းထားသော မူးယစ်ဆေးဝါးဥပဒေအရ သုံးစွဲသူ၊ လက်ဝယ်တွေ့ရှိသူ၊ ဆက်စပ်မှုရှိသူတို့နှင့် အဓိကထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းဝယ်ဖောက်ကားသူတို့အပေါ် အရေးယူနိုင်မှုအခြေအနေတို့ကို ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးကို အလေးထားတိုက်ဖျက်လျက်ရှိသော်လည်း လျော့နည်းကျဆင်းခြင်းမရှိသည့်ဇာစ်မြစ်ကို ရှာဖွေကြည့်ရမည်ဖြစ်သည်။ အဓိကအချုပ်မှာ ထုတ်လုပ်မှုနှင့် ဈေးကွက်ရှင်သန်နေခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများရှိနေသော်လည်း ကာကွယ်တိုက်ဖျက်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်နိုင်သဖြင့် အောင်မြင်မှုများရရှိနေသည်။ မူးယစ်ဆေးဝါးသည် ဘိန်းကိုအခြေခံသဖြင့် ဘိန်းစိုက်ပျိုးမှုရှိနေသမျှ မူးယစ်ဆေးဝါးများ ထွက်ရှိနေမည်ဖြစ်သည်။ ဘိန်းအစားထိုးစိုက်ပျိုးရေးကို ရှေးယခင်အဆက်ဆက်ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိသည်မှာ နယ်မြေဒေသ မငြိမ်းချမ်းသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဘိန်းအစားထိုးစိုက်ပျိုးရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများကို လက်တွဲစည်းရုံးကူညီကြရမည်ဖြစ်သည်။ စစ်မှန်သော ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး ဘိန်းစိုက်ပျိုးသည့် တောင်သူများ၏ဘဝနှင့် ခံယူချက်များ ပြောင်းလဲပေးကာ တိုင်းရင်းသားများဘဝကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုတို့ကို ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်မှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်နိုင်မည်ဖြစ်သည်။

မူးယစ်ဆေးဝါးအမျိုးမျိုးတို့သည် နည်းပညာနှင့် ဓာတုပစ္စည်းများကို အခြေခံကာ ထုတ်လုပ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် နည်းပညာနှင့် ဓာတုပစ္စည်းထုတ်လုပ်နိုင်သော နိုင်ငံကြီးများကြားတွင်တည်ရှိပြီး နယ်မြေဒေသလုံခြုံရေး အားနည်းမှုကိုအကြောင်းပြု၍ မူးယစ်ဆေးဝါးအမြောက်အမြား ထုတ်လုပ်ဖြန့်ဖြူးသယ်ဆောင်လာကြသည်။ မကြာသေးမီက မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် မူးယစ်ဆေးဝါးဈေးကွက်အတွင်း သမားရိုးကျမဟုတ်သော အမည်သစ်မူးယစ်ဆေးဝါးများ ထပ်မံစိမ့်ဝင်ပျံ့နှံ့နေကြောင်း မီးမောင်းထိုးပြထားသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏အရှေ့ဘက်တွင်ရှိပြီး သယ်ဆောင်မှုသည် အလယ်တွင်ရှိကာ အဓိကဈေးကွက်သည် အနောက်ဘက်တွင်ရှိကြောင်း ဖမ်းဆီးရမိခဲ့သည့် လမ်းကြောင်းများက ညွှန်းပြနေသည်။

ပေါ်ထွက်နေသော မူးယစ်ဆေးဝါးအမျိုးမျိုးတို့သည် အဓိကထုတ်လုပ်နိုင်သည့် နည်းပညာစွမ်းအားနှင့် ဈေးကွက်အပေါ်တွင် မူတည်သည်ကို ယနေ့တွေ့မြင်ရမည်ဖြစ်သည်။ ထို့အပြင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတို့အပေါ်တွင် မူတည်သည်ကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ ပြောင်ပြောင်တင်းတင်းဖြစ်ပေါ်လာသော မူးယစ်ဆေးဝါးပြဿနာသည် ယနေ့လူငယ်လူရွယ်များအား ဖျက်ဆီးရန် အသင့်ဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။

သို့ဖြစ်ရာ အန္တရာယ်ကြီးမားလာသော မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြဿနာများ၊ စိန်ခေါ်မှုများအား အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့ကလည်း ဝိုင်းဝန်းကူညီ လက်တွဲပါဝင်ဆောင်ရွက်ကြမှသာ မူးယစ်ဆေးဝါးအန္တရာယ်မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာမည်ဖြစ်ပါကြောင်း။ ။

# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများ၌ ရေနက်တွင်းများ ဆက်လက်တူးဖော်ပေးလျက်ရှိ



**နေပြည်တော် ဇွန် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအရ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက်အကူအညီရယူကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေရှားပါးပြတ်လပ်မှုရှိနေသော ကျေးရွာများအတွက် ရေနက်တွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေနက်တွင်း တူးဖော်ခြင်းလုပ်ငန်းများအနက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၄၃ သန်းဖြင့် နှစ်စဉ်ရေရှားပါးပြတ်လပ်ပြီး သန့်ရှင်းသောသောက်သုံးရေ လိုအပ်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု အေးသာယာကျေးရွာ၌ အနက်ပေ ၇၀၀ စက်ရေတွင်းတစ်တွင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်လုပ်ငန်းကို ဇွန် ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂၄ ရက်တွင် ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ကျန်ဆက်စပ်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက ယနေ့တွင် မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ သောက်သုံးရေရှားပါးပြတ်လပ်သည့် ကျေးရွာများ၌ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာခြောက်ရွာ၌ အဝီစိရေနက်တွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆိုပါတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာလေးရွာတို့၌ ထပ်မံတူးဖော်ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း လုပ်ငန်းများပြီးစီးတော့မည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၁,၁၂၉ | ၁၁,၈၆၆,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၀၀ | ၃,၁၁၇ | ၁၁,၈၄၅,၇၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂ | ၁၆,၄၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၄၂၃ | ၉,၅၁၇,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄ | ၁၁,၂၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၅ | ၁၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၅

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၈၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၆၀၀ ကျပ် | ၅၈၀/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၉၀ ကျပ် | ၅၆၅/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၃၀ ကျပ် | ၆၆၅/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၃၀ ကျပ် | ၅၄၀/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၅/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၅/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၈၉.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၁.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၉၄၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၇၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၅.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၈.၃၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲမှု မှန်ကန်ကောင်းမွန်စေရန် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် အကြမ်းဖက်သမားများ အခြေချနေထိုင်မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုလားတန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စီမံကိန်းအောင်မြင်စေရေး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးဆိုင်ရာများတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ COVID–19 ရောဂါဖြစ်ပွားမှုအား အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် သင်တန်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုလျက်ရှိသည့် မော်စကိုမြို့ CROWNE PLAZA ဟိုတယ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT သတင်းဌာနအား လက်ခံတွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညပိုင်းတွင် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ် Mr. Ivan Ponyakov က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များအား မော်စကိုမြစ်အတွင်း၌ အပျော်စီးမြစ်တွင်းသွားအမြန်ရေယာဉ်ပေါ်ရှိ ဧည့်ခန်းမဆောင်တွင် တွေ့ဆုံ၍ စစ်ဘက်နည်းပညာ တိုးတက်မြင့်မားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဆက်သွယ်ရေးစနစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ်က အပျော်စီးမြစ်တွင်းသွား အမြန်ရေယာဉ်ပေါ်တွင် ညစာဖြင့် တည်ခင်းဧည့်ခံပြီး မော်စကိုမြစ်ကြောင်းတစ်လျှောက် လှည့်လည်၍ မြို့ပြလူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မြစ်ကမ်းဘေးတစ်လျှောက် အလှအပများနှင့် အများပြည်သူများ၏အပန်းဖြေနေမှုများကို ကြည့်ရှုလေ့လာကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Victory Day of Great Patriotic War (၇၅)နှစ်မြောက်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား အောင်မြင်သည့်အနေဖြင့် မီးရှူးမီးပန်းများ ဂုဏ်ပြုလွှတ်တင်ပစ်ဖောက်မှုကို ကြည့်ရှုစဉ်။

ယင်းနောက် ဒေသစံတော်ချိန် ည ၁၁ နာရီတိတိတွင် Victory Day of Great Patriotic War (၇၅)နှစ်မြောက်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား အောင်မြင်သည့်အနေဖြင့် Luzhniki ဘောလုံးကွင်းအတွင်းမှ မီးရှူးမီးပန်းများကို ဂုဏ်ပြုလွှတ်တင်ပစ်ဖောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ပေါ်မှ ကြည့်ရှုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၅**

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။



**အောင်မြင်သည်ဟုသုံးသပ်**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ယခင်နှစ်မှစ၍ တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို တင်ပြခဲ့ပြီး စပါးတင်း ၁၀၀ ကို ကျပ်ငါးသိန်း သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်နိမ့်ကျနေသော ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူရန်အတွက် လှည့်ပတ်ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံ သုံးစွဲဝယ်ယူခဲ့ပြီး တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျပ် ၁၅ ဘီလီယံမှ ကျပ်ခုနစ်ဘီလီယံ သုံးစွဲဝယ်ယူခဲ့ပြီး ဝယ်ယူလက်ခံထားသော ဆန်များထဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၈၀၀ နှင့် အခြေခံလူတန်းစားများကိုရောင်းချရန်အတွက် ဆန်တန်ချိန် ၈၀၀၀ အား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တစ်ဆင့် ရောင်းချပေးခဲ့ပါကြောင်း၊ ယခုနှစ်အတွက် အခြေခံစပါးဈေးနှုန်းသတ်မှတ်ရန် ဝယ်ယူမည့်ပမာဏ၊ လိုအပ်မည့်ငွေ၊ တင်ဒါစနစ်ဖြင့် ဆန်ပြန်လည်လက်ခံရာတွင် ဆန်အရည်အသွေးပိုင်းအနေနှင့်ပတ်သက်ပြီး ဆွေးနွေးပေးစေလိုကြောင်း၊ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းအား ဖြစ်သင့်သည့်ဈေးနှုန်းကို တင်ပြစေလိုပါကြောင်း၊ လယ်ယာထွက်ကုန်စီမံခန့်ခွဲမှုအဖွဲ့မှ အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူခဲ့ရာတွင် အခက်အခဲရှိသော်လည်း စပါးဈေးနှုန်းငါးသိန်းအောက် မကျသည့်အတွက် အောင်မြင်သည်ဟု သုံးသပ်ရပါကြောင်း၊ ထို့အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ရန်ကိစ္စ၊ ဝယ်ယူမည့်ပမာဏ၊ လိုအပ်သည့်ငွေကြေးပမာဏ၊ တင်ဒါလက်ခံမည့် ဆန်အရည်အသွေး ကိစ္စရပ်များကို ဆွေးနွေးပေးရန် ပြောကြားသည်။

**ကဏ္ဍအလိုက်တင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံ/ဘဏ္ဍာဝန်ကြီးများ၊ ဆန်စပါးဝယ်ယူကြိုးကြပ်မှုလုပ်ငန်းအဖွဲ့များ၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား စာတမ်းဖတ်ပွဲအတွက် စာတမ်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်

**ရန်ကုန် ဇွန် ၂၅**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင်ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်၌ မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲကျင်းပမည်ဖြစ်သည်။

ဖတ်ကြားမည့်စာတမ်းများသည် မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်ဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီမှ သတ်မှတ်ထားသည့်ရည်ရွယ်ချက်နှင့် ကိုက်ညီစေရမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်ပြသခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြောင်းလဲမှုအကြောင်းအရာများဖြစ်စေရန်၊ လူသားများအသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုပ်ရှင်က အထောက်အကူပြုသည့်အကြောင်းအရာများဖြစ်စေရန်၊ ခေတ်အလိုက် ပြောင်းလဲလာသည့် ရုပ်ရှင်နှင့်ပတ်သက်သော အနုပညာနှင့် အတတ်ပညာအကြောင်းအရာများ ထင်ရှားပေါ်လွင်စေရန်တို့ဖြစ်သည်။

စာတမ်းဖတ်ကြားလိုသည့် ပြည်တွင်း ပြည်ပမှ စာတမ်းရှင်များအနေဖြင့် မိမိတင်ပြလိုသည့်စာတမ်းအတွက် စာမျက်နှာ တစ်မျက်နှာထက်မပိုသည့် တင်ပြသူ၏ အဆိုပြုချက်၊ ရည်ရွယ်ချက်နှင့် တင်ပြမည့်အကြောင်းအရာ အကျဉ်းချုပ်စာတမ်းအဆိုပြုလွှာကို ဇူလိုင် ၁၅ ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး စာတမ်းများဖတ်ပွဲကျင်းပရေးဆပ်ကော်မတီ အမှတ်(၅၀) ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ဖြစ်စေ၊ အီးမေးလ် ecrd@gmail.com သို့ဖြစ်စေ ပေးပို့ရမည်ဖြစ်သည်။

အဆိုပြုလွှာများကို စာတမ်းများရွေးချယ်ရေးအဖွဲ့ကစိစစ်ပြီး စာတမ်းရှင်များသို့ ရွေးချယ်ခံရခြင်းရှိ၊ မရှိ အကြောင်းပြန်ကြားမည်ဖြစ်သည်။ ရွေးချယ်ခြင်းခံရသည့်အဆိုပြုလွှာစာတမ်းရှင်များအနေဖြင့် စာတမ်းရေးသားပြုစုပြီး စာတမ်းများရွေးချယ်ရေးအဖွဲ့သို့ စက်တင်ဘာ ၂၀ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေးကော်မတီ Facebook Page တွင်ကြည့်ရှုနိုင်ပြီး ဖုန်း ၀၁–၅၃၆၀၃၀၊ ၀၁ – ၅၃၇၉၃၈၊ ၀၉ – ၅၁၈၅၇၆၃၊ ၀၉ – ၄၄၃၁၅၇၇၇၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ဖြိုးသူရကျော်**

# နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိ

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ထံမှ ပေးပို့သည့်သဝဏ်လွှာ (၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့)**

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၃၃) ကြိမ်မြောက် ရှိပြီဖြစ်ပါသည်။

ယခင်နှစ်များက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဗဟိုအဆင့်အခမ်းအနားကို နေပြည်တော် MICC-II တွင် လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အခမ်းအနားများကို ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့်လည်းကောင်း၊ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် လည်းကောင်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြပါသည်။ ယခုနှစ်တွင် COVID-19 ကပ်ရောဂါ အခြေအနေကြောင့် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အခမ်းအနားများ၊ ပြပွဲပြိုင်ပွဲများကို ကျင်းပပြုလုပ်နိုင်ခြင်းမရှိဘဲ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် လားရှိုးမြို့များတွင်လည်းကောင်း၊ အစပျိုးဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖျက်ဆီးပွဲကို ကွတ်ခိုင်မြို့၌လည်းကောင်း ကန့်သတ်လူဦးရေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းကျဆင်းစေရန် ကျောင်းသားလူငယ်ဘဝမှ စတင်၍ တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းအဆင့် မူးယစ်ဆေးဝါးအသိပညာပေးရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်စာစောင်များ၊ ဆောင်ပုဒ်များ ဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်းနှင့် ဆရာ/ဆရာမများအား အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

> **မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာ၌ အန္တရာယ်နှင့် စိန်ခေါ်မှုများရှိနေမည်ဖြစ်သော်လည်း မိမိတို့သည် မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး ရေရှည်ကောင်းမွန်သော နည်းလမ်းများဆီသို့ ဦးတည်မည့် ပြီးပြည့်စုံသော၊ သဟဇာတဖြစ်သော၊ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိသော ချဉ်းကပ်မှုတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသော ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အစိုးရမဟုတ်သောအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များကိုပါ ထည့်သွင်းဖွဲ့စည်းပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခြင်းများကို တိုက်ဖျက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာနကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ စတင်ဖွင့်လှစ်ထားရှိခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် အမှုများအနက် အမှုပေါင်း ၁၀၉၆ မှု ဖွင့်လှစ်နိုင်ခဲ့ပြီး တရားခံ(အမျိုးသား) ၁၅၄၃ ဦး၊ တရားခံ(အမျိုးသမီး) ၃၀၃ ဦး၊ စုစုပေါင်း ၁၈၄၆ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များမှ အထူးစစ်ဆင်ရေးများဆောင်ရွက်မှုများကြောင့် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မြောက်မြားစွာကို ၂၀၂၀ ပြည့်နှစ်ကာလတွင် သိမ်းဆည်းရမိခဲ့၍ ထူးခြားစွာအောင်မြင်မှုရလဒ်များ ရရှိနေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်နေရပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ဘက်ပေါင်းစုံ၊ နည်းလမ်းစုံပါဝင်သည့် ချဉ်းကပ်မှုများနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်း ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်၍ ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးညီလာခံ UNGASS အစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များကို အခြေခံသည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒအသစ်နှင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ကို အကောင်အထည်ဖော်မည့် အမျိုးသားမဟာဗျူဟာစီမံချက်ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရေးဆွဲအတည်ပြုခဲ့ပြီး ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိဒေသအခြေအနေများနှင့် ကိုက်ညီသည့် နှစ်နှစ်တာ လုပ်ငန်းစီမံချက် (Action Plan) များ ရေးဆွဲဆောင်ရွက်နေပြီ ဖြစ်ပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ရာ၌ တရားရေးစနစ်များ ပိုမိုတောင့်တင်း ခိုင်မာလာစေရေး၊ စိတ်ဆင်းရဲခြင်းနှင့် အတိဒုက္ခခံစားရခြင်းများကို ဖြစ်စေသော ရာဇဝတ်မှုကွန်ရက်များကို နှိမ်နင်းရေးနှင့် ကျန်းမာရေး၊ လူ့အခွင့်အရေးဆိုင်ရာ တုံ့ပြန်မှုများ ရရှိနိုင်ရေးတို့အတွက် ထိရောက်သော ဆောင်ရွက်မှုများ လိုအပ်မည် ဖြစ်ပါသည်။

လူအများသည် ဆေးကုသမှုခံယူရာတွင် ထိန်းချုပ်မှုမရှိသည့် ဆေးဝါးများကြောင့် မယုံနိုင်ဖွယ်ရာ နာကျင်မှုများကိုလည်း ကြုံတွေ့ခံစားကြရသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ လူအများသည် လိုအပ်သည့်အချိန်တွင် နာကျင်မှုသက်သာရာရစေသော ဆေးဝါးများကိုရရှိရန်အတွက် အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးထားရမည်။ မူးယစ်ဆေးဝါးဆိုင်ရာ နောက်ဆက်တွဲ အန္တရာယ်များဖြစ်သည့် HIV/AIDS၊ အသည်းရောင်အသားဝါရောဂါများ ပြုစုကုသခြင်း၊ ဆေးသုံးစွဲသူများအတွက် စဉ်ဆက်မပြတ်သော ကာကွယ်စောင့်ရှောက်မှု၊ ပြုစုကုသမှုအစရှိသည့် လူမှုရေးနှင့် ကျန်းမာရေးလိုအပ်ချက်များအရ ဆေးဝါးသုံးစွဲခြင်းများကိုလည်း ပိုမိုနားလည်မှု ရှိလာစေရန်နှင့် လုပ်ဆောင်နိုင်သည် မှန်သမျှကို လုပ်ဆောင်ပေးရပေမည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးညီလာခံ UNGASS အစည်းအဝေးတွင် တရားမဝင်သယ်ဆောင် ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးအလွဲသုံးမှုတို့နှင့် ဆက်နွှယ်သောကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်နိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ တုံ့ပြန်မှုများရရှိနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ လူသားဆန်၍ ထိရောက် သော လမ်းကြောင်းသစ်တစ်ခုဆီသို့ နိုင်ငံအစိုးရများသည် အတူတကွ လိုက်ပါဆောင်ရွက်ကြမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါး အလွဲသုံးမှု၊ တရားမဝင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်တတ်သောအန္တရာယ်များ လျှော့ချနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းလုံခြုံမှုရရှိရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် သာတူညီမျှမှုရှိစေရေးတို့ကို မြှင့်တင်ပေးသော ချဉ်းကပ်မှုများအား တညီတညွတ်တည်း ဆောင်ရွက်နိုင်ခဲ့သည့် ပြည်သူများကိုလည်း ချီးကျူးဂုဏ်ပြုရမည် ဖြစ်ပါသည်။

ထို့အပြင် လက်ရှိကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါ COVID -19 မှာ ကာလကြာရှည်စွာ ဖြစ်ပွားနေသည့်အတွက် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရပါသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများ၊ မူးယစ်ဆေးဝါးဈေးကွက်များ အပြောင်းအလဲဖြစ်ပေါ်လာနိုင်သည့်အတွက် တားဆီးကာကွယ်ရေး ဆောင်ရွက်နေကြသော တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်တားဆီးသွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ **"Better knowledge for better care" "ထိထိရောက်ရောက် စောင့်ရှောက်ဖို့ဘက်စုံအသိအမြင် လေ့လာစို့"** ဆိုသည့်အတိုင်း ထိရောက်သည့်စောင့်ရှောက်မှု ဖြစ်စေရေးအတွက် ဘက်ပေါင်းစုံအသိပညာ တိုးပွားစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာ၌ အန္တရာယ်နှင့်စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သော်လည်း မိမိတို့သည် မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး ရေရှည်ကောင်းမွန်သော နည်းလမ်းများဆီသို့ ဦးတည်မည့် ပြီးပြည့်စုံသော၊ သဟဇာတဖြစ်သော၊ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိသော ချဉ်းကပ်မှုတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ဖော်ပြလိုက်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များ အားကောင်းစေရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက် ၁၁ နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သစ်တောကဏ္ဍဆိုင်ရာ Geodatabase တည်ဆောက်ခြင်းလုပ်ငန်း အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သစ်တောဦးစီးဌာနမှဆောင်ရွက်လျက်ရှိသည့် သစ်တောနယ်မြေများ (ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ)၏ နယ်နိမိတ်များအား စိစစ်ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ သစ်တောနယ်မြေများ၏ GIS Shape File အမိန့်ကြော်ငြာစာများ အပါအဝင် အခြားဆက်စပ်သတင်းအချက်အလက်များပါဝင်သည့် Spatial Database တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကနဦးဆန်းစစ်ခြင်းများတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ဆုံးဖြတ်ချက်များ၊ စီမံအုပ်ချုပ်မှုများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည့်စုံ၍ မှန်ကန်တိကျပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော သစ်တောကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များအား စုစည်းပြုစုပြီး Web based portal တစ်ခုအဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောဦးစီးဌာနသည်သစ်တောကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များအား ပိုမိုအားကောင်းစေရေး ဆောင်ရွက်ရန်အတွက် Geodatabase တည်ဆောက်ခြင်းအား ဆောင်ရွက်လျက်ရှိပြီး မြေပြင်ဆိုင်ရာသတင်းအချက်အလက် ၅၆ မျိုး အသုံးပြုလျက်ရှိပြီး ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေဆိုင်ရာ အချက်အလက်များသည် အဓိက အကျဆုံးဖြစ်ပါကြောင်း၊ မြေပုံနှင့် ဆက်စပ်ကိန်းဂဏန်းအချက်အလက်များအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ယင်းအပြင် နယ်နိမိတ် Shape File များစစ်ဆေးခြင်းနှင့် အမိန့်ကြော်ငြာစာများ စုစည်းခြင်းလုပ်ငန်းများ ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများအား ကာလတို/ ကာလရှည် ရည်မှန်းချက်ဖြင့် ဆောင်ရွက် လျက်ရှိကြောင်း၊ သက်ဆိုင်ရာ သစ်တောဦးစီးဌာနမှ အသုံးပြုနေသော နယ်နိမိတ်များ ကွဲပြားခြင်းများအား စိစစ်၍တစ်သမတ်တည်းဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြေပုံနမူနာများဖြင့် တင်ပြဆွေးနွေးသည်။

အဆိုပါ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သစ်တောကဏ္ဍ Spatial Database စနစ်တည်ဆောက်ရန် စိစစ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအပေါ် ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များသုတေသနညီလာခံ(၂၀၂၀) ကျင်းပ



**နေပြည်တော် ဇွန် ၂၅**

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

**ကျေးဇူးတင်စကား ပြောကြား**

အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် ဂုဏ်ပြု၍ စတင်ဖွင့်လှစ်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကြောင့် ခက်ခဲသည့်ကာလဖြစ်သော်လည်း ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များသုတေသနညီလာခံ (၂၀၂၀) အခမ်းအနားဖြစ်မြောက်ရေးအတွက် Video Conferencing နည်းပညာဖြင့် ဦးဆောင်ပေးပါသော ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်ဇော်စိုး၊ Keynote Speaker များဖြစ်ကြသော ပါမောက္ခ ဒေါက်တာပဒေသာတင်၊ ပါမောက္ခ Liviu Matei၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ စာတမ်းများ ဖတ်ကြားပေးကြသော စာတမ်းရှင်များ၊ ပိုစတာရှင်များနှင့် ညီလာခံတက်ရောက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

တက္ကသိုလ်များတွင် သုတေသနယဉ်ကျေးမှုသည် အလွန်အရေးကြီးပါကြောင်း၊ တက္ကသိုလ်များ၏ အသက်သွေးကြောသည် သုတေသနဖြစ်ပါကြောင်း၊ ဒေသအကျိုးပြုသုတေသန၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများကို အကောင်းဆုံးပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာကြီးအတွက်လည်း အကျိုးပြုနိုင်သည့် အသုံးချသုတေသနရလဒ်ကောင်းများ ဖြစ်လာစေရေး ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ သုတေသနလုပ်ငန်းများ၊ သုတေသနအခြေခံ လက်တွေ့ပစ္စည်းများနှင့် ခေတ်မီနည်းပညာများအတွက်လည်း ခွင့်ပြုရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သုတေသနအသုံးစရိတ် ကျပ်သန်းပေါင်း ၁ ဒသမ ၄ ဘီလီယံကျော် အသုံးပြုခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၂ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၈ ဘီလီယံအထိ တိုးမြှင့်သုံးစွဲ၍ သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်နေပါကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး အရည်အသွေးရှိသော သုတေသန ရလဒ်ကောင်းများကိုအခြေခံ၍ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်းတို့ကို အားပေးလျက်ရှိပါကြောင်း။

**ဂုဏ်ယူဝမ်းမြောက်**

အရည်အသွေးရှိသော သုတေသနအခြေခံ၍ လုပ်ငန်းခွင်အတွက် လက်တွေ့အသုံးပြုနိုင်သည့် သင်ရိုးညွှန်းတမ်းများ မြှင့်တင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ သင်ယူလေ့ကျင့် မွေးထုတ်ပေးနိုင်ခြင်း၊ အရည်အသွေးရှိသော သုတေသနရလဒ်များဖြင့် စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများ ပိုမိုအောင်မြင်လာစေရေး အထောက်အကူပြုပေးနိုင်ခြင်း၊ ပွင့်လင်းမြင်သာသော တာဝန်ခံ၊ တာဝန်ယူမှုဖြင့် တက္ကသိုလ်ဖွံ့ဖြိုးရေးစီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကလည်း လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲခြင်းကို ပိုမိုအားကောင်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခု မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀)သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလနှင့်ရင်ဆိုင်ကြုံတွေ့ရသော်လည်း နည်းပညာများကိုအသုံးပြု၍ အကျိုးရှိထိရောက်အောင် မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားဆောင်ရွက်နေသည်ကိုတွေ့ရပြီး စာတမ်းဖတ်ပွဲအတွက် တက္ကသိုလ်အသီးသီးရှိ သုတေသီ ဆရာ ဆရာမများက စာတမ်းပေါင်း ၁၃၄ စောင်၊ ပိုစတာ ၁၆ ခု ပါဝင်ယှဉ်ပြိုင်ကြသဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ယနေ့ကျင်းပသည့် ညီလာခံမှ သုတေသနယဉ်ကျေးမှုများ၊ သုတေသန အရည်အသွေးများ အားကောင်းလာစေပြီး Autonomous University ဖြစ်သည်အထိ ဦးတည်ဆောင်ရွက်ရန်နှင့် အားလုံးက တာဝန်ယူ၊ တာဝန်ခံပြီး အရည်အသွေးရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း၍ လက်တွဲကူညီ ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၂၀) ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ပြုစကားပြောကြား၍ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဟောပြောပို့ချ**

ဆက်လက်၍ အမေရိကန်ပြည်ထောင်စု နာဆာအာကာသသိပ္ပံပညာရှင် ပါမောက္ခ ဒေါက်တာပဒေသာတင်က သုတေသနအရေးပါမှုနှင့် မြန်မာနိုင်ငံတက္ကသိုလ်များ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ Liviu Matei (Central European University-CEU) က University Research and National Development : A Comparative Perspective in a time of Global Crisis ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က သုတေသန ယဉ်ကျေးမှုရပ်ဝန်းကောင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ခြင်း (Promoting Research Culture) ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ ဟောပြောသူဆရာကြီးများက ပြန်လည်ဖြေကြားကြသည်။

ယနေ့အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ဟောပြောပို့ချသည့် ပြည်တွင်းပြည်ပ ဆရာကြီးများ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာဆရာမများ၊ သုတေသီများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စာတမ်းရှင်များ စုစုပေါင်း ၃၄၀၀ ခန့် Video Conferencing ဖြင့် ချိတ်ဆက်တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ အကြံပေးကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ Video Conferencing ဖြင့် ဆွေးနွေး



**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ အကြံပေးကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ Video Conferencing ဖြင့် ဆွေးနွေးသည်။

**နောက်ဆုံးအဆင့် ရေးဆွဲ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်၌ အမျိုးသား ကျန်းမာရေးမူဝါဒကို အဆိုပါခေတ်ကာလ ကျန်းမာရေးအခြေအနေများနှင့်အညီ ရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရေးအတွက် အဆိုပါ အမျိုးသားကျန်းမာရေးမူဝါဒကို ပြန်လည်ရေးဆွဲရန်အတွက် ၂၀၁၉ ခုနှစ် ဇူလိုင် ၅ ရက်မှစတင်ကာ အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး အကြံပေးကော်မတီ၊ အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး လုပ်ငန်းအဖွဲ့နှင့် အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေး သန္နေအမြုတေအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ကာ ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြံပေးကော်မတီ၌ ကျန်းမာရေးကဏ္ဍ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားပညာရှင်ကြီးများ ပါဝင်သည့်အတွက် ဤကော်မတီ၏ အကြံပြုမှုများသည် အမျိုးသားကျန်းမာရေးမူဝါဒရေးဆွဲရာ၌ လက်တွေ့ဆန်သော အကြံပြုမှုများ ရရှိခဲ့ပါကြောင်း၊ ဤအကြံပြုမှုများကိုယခုလောလောဆယ် မြေပြင်အခြေအနေနှင့် ချိန်ထိုးကာ ဆက်လက် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မူကြမ်းအဆင့်ဆင့်ရရှိပြီး နောက်ဆုံးအဆင့်နီးပါး ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

အမျိုးသား ကျန်းမာရေးမူဝါဒကို ပြန်လည်ရေးဆွဲရာ၌ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၂) ကို လွှမ်းခြုံချိတ်ဆက်မိစေရန်နှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်စီမံကိန်း (၂၀၁၈-၂၀၃၀) တွင် ပါဝင်သောအချက် အကြောင်းအရာများနှင့်လည်း သဟဇာတကိုက်ညီမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြန်လည်ရေးဆွဲနေသည့် အမျိုးသားကျန်းမာရေးမူဝါဒသည် ရုပ်လုံးပေါ်လာပြီဖြစ်ပြီး အမျိုးသားကျန်းမာရေးမူဝါဒ (မူကြမ်း) တွင် မူဝါဒဦးတည်ချက်၊ ရည်မှန်းချက်ပန်းတိုင်၊ လုပ်ငန်းမဏ္ဍိုင်၊ လမ်းကြောင်းချဉ်းကပ်မှု၊ လုပ်ငန်းမူဘောင်များနှင့် လုပ်ငန်းမဟာဗျူဟာ စနစ်တကျပြည့်စုံစွာ ထည့်သွင်းရေးဆွဲထားခြင်းသည် ကောင်းမွန်ပါကြောင်း၊ ကောင်းမွန်သည့် အမျိုးသားကျန်းမာရေးမူဝါဒ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းလည်း ပိုမိုမြင့်မားလာကာ ရေရှည်တွင် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

**တိုက်တွန်းပြောကြား**

အမျိုးသား ကျန်းမာရေးမူဝါဒကို ပြန်လည် ရေးဆွဲပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် ယခုမူကြမ်းကို သက်ဆိုင်ရာ အဖွဲ့အစည်း၊ ကော်မတီနှင့် အခြားနီးနွယ်ဝန်ကြီးဌာနများ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ အမြန်ဆုံး အပြီးသတ်ရေးဆွဲသွားစေလိုပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ လုပ်ငန်းများအတွက် မူဝါဒလမ်းညွှန်အဖြစ် ကိုင်စွဲဆောင်ရွက်သွားမည့် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေးလုပ်ငန်းတွင် မိမိ၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားကာ ဝိုင်းဝန်းဆောင်ရွက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် ဆက်လက်ပံ့ပိုး ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး အကြံပေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဖေသက်ခင်က ယခင် အမျိုးသားကျန်းမာရေးမူဝါဒ (၁၉၉၃) ကို လေ့လာဆန်းစစ်မှုများပြုလုပ်ကာ ယခုခေတ်ကာလ အခြေအနေ အရပ်ရပ်နှင့်အညီ မြို့ပြနှင့် ကျေးလက်တောရွာများ မကျန် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုရှိစေရေး အချက်များကို အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရာတွင် ထည့်သွင်းထားရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အဓိကဆောင်ရွက်နေသော်လည်း အခြားသောဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရှိသည်ဖြစ်သဖြင့် အဆိုပါအချက်ကိုလည်း ထည့်သွင်းစဉ်းစား၍ ဤမူဝါဒရေးဆွဲရန် အကြံပြုလိုပါကြောင်း၊ အမျိုးသားကျန်းမာရေးမူဝါဒသည် နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် မျိုးဆက်သစ်များအတွက် ရေရှည်အကျိုးရှိမည်ဖြစ်သဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သူ အကျိုးရှင်များအားလုံး လက်ခံပြီး လက်တွေ့အကောင်အထည်ဖော်နိုင်သော အမျိုးသားအဆင့် မူဝါဒချမှတ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ် သုံးသပ်နိုင်ရေး လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာထင်လင်းက အမျိုးသားကျန်းမာရေးမူဝါဒ (မူကြမ်း) ကို မူဝါဒဦးတည်ချက်၊ ရည်မှန်းချက်ပန်းတိုင်၊ အလေးပေးဆောင်ရွက်မည့် လုပ်ငန်းမဏ္ဍိုင်၊ လမ်းကြောင်းချဉ်းကပ်မှုတို့နှင့်အတူ လုပ်ငန်းမဟာဗျူဟာ၊ လုပ်ငန်းများ အကောင်အထည်ဖော်မှုမူဘောင်၊ ပူးပေါင်းဆောင်ရွက်မှုမူဘောင်၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုဆန်းစစ်မှုစနစ်၊ သုတေသနပြုလုပ်ဆန်းစစ်မှုစနစ်၊ ဆန်းစစ်အကဲဖြတ်မှုစနစ်များကို ထည့်သွင်းရေးဆွဲထားရှိမှုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးအကြံပြု**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး အကြံပေးကော်မတီနှင့် အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေးလုပ်ငန်းအဖွဲ့တို့မှ ပညာရှင်ကြီးများက အထွေထွေဆွေးနွေးမှုများနှင့် အကြံပြုမှုများ ဆောင်ရွက်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်နိုင်ရေး အကြံပေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဖေသက်ခင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ
ဇွန် ၂၆၊ ၂၀၂၀

(၃၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မှတ်တမ်းများ

မောင်သင်းပျို့

ရှေးမြန်မာမင်းများလက်ထက်တွင် ပုဂံခေတ်အထိ ဘိန်းနှင့်ပတ်သက်သောအရာများ မရှိခဲ့ချေ။ ၁၅၁၅ ခုနှစ် တောင်ငူခေတ်တွင် ပေါ်တူဂီလူမျိုးတို့ မုတ္တမမြို့သို့ ရောက်ရှိပြီး ဘိန်းအရောင်းအဝယ် ပြုလုပ်ခဲ့သည်။ ၁၆၁၃ ခုနှစ်ဝန်းကျင်တွင် ဟံသာဝတီဆိပ်ကမ်း(ပဲခူး)သို့ ဒတ်ချ် အင်ဒိစ်ကုမ္ပဏီက ဘိန်းများတင်သွင်းခဲ့သည်။ ၁၇၈၂-၁၈၂၉ ခုနှစ် ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်တွင် ယစ်မျိုး (မူးယစ်) ပစ္စည်းများ အရောင်းအဝယ်မပြုလုပ်ရန် တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာဒုတိယကျူးကျော်စစ်ပြီးနောက် အောက်မြန်မာပြည်အား အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ရာမှ ဘိန်းအမြောက်အမြားကို အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ တင်ပို့၍ ဘိန်းအရောင်းအဝယ် လုပ်ကိုင်ခဲ့ကြသည်။

**မူးယစ်ရန်စွယ်**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်းအက်ဥပဒေဖြင့် ချင်းဝိသေသတိုင်း၌ ဘိန်း၊ ဆေးခြောက်စိုက်ပျိုးထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တင်သွင်းခြင်းတို့ကို အက်ဥပဒေပုဒ်မ ၃၆ ဖြင့် တားမြစ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဘိန်းခင်းနှိမ်နင်းရေးအက်ဥပဒေဖြင့် ဘိန်းသုံးစွဲသူများအား နှိမ်နင်းရန်ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၆-၁၉၅၀ အထိ တရုတ်ဖြူကူမင်တန်တပ်များ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ဝင်ရောက်ပြီး ဘိန်းစိုက်ပျိုးခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဘိန်းစစ်ဆင်ရေးများဆောင်ရွက်ခြင်း၊ ဘိန်းခင်းများ ဆေးဖျန်းဖျက်ဆီးခြင်းတို့ဖြင့် အမျိုးသားရေးရန်စွယ်တစ်ရပ်အနေဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်ခြင်း အမြစ်တွယ်မှုမရှိစေရန် ပြည်သူ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ယနေ့ကာလတွင် ဘိန်းထုတ်လုပ်မှုထက်ကြီးမားသော မူးယစ်ဆေးဝါး အန္တရာယ်ကို နိုင်ငံတစ်ဝန်း ကြုံတွေ့နေရသောကြောင့် နိုင်ငံတော်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မဟာဗျူဟာများ ချမှတ်ရေးဆွဲဆောင်ရွက်၍ မူးယစ်ရန်စွယ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

**အဟန့်အတား**

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က"မူးယစ်သတင်းရောင်းဝယ်ဖောက်ကားမှုသတင်းများသာမက ထုတ်လုပ်သူ၊ မူးယစ်ရာဇာကြီးများအား သတင်းတိတိကျကျ တိုင်ပေးကြပါ။ မူးယစ်တိုက်ဖျက်ရေးမှာ အတားအဆီးဖြစ်နေတဲ့ တာဝန်ရှောင်လွှဲသူတွေ၊ အဂတိလိုက်စားသူတွေရှိခဲ့ရင် အရေးယူမှာဖြစ်တဲ့အတွက် အမျိုးသားရေးတာဝန်အဖြစ် အချက်အလက်များပေးပို့ကြပါ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနဲ့ အုပ်ချုပ်ရေးဌာနအဆင့်ဆင့်အနေနဲ့ "မူးယစ်ဆေးဝါးကိစ္စ ခြွင်းချက်လုံးဝမထားရ" ဆိုတဲ့ မူဝါဒကို အလေးထား လိုက်နာဆောင်ရွက်ပေးကြပါ" စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

၂၀၁၉ ခုနှစ် သြဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က နိုင်ငံတော်သမ္မတ အိမ်တော်၌ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အား သီးခြားတွေ့ဆုံပြီး မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အညီ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ ပြည့်နှစ်၏ ပထမ ငါးလအတွင်း မူးယစ်ဆေးဝါးများကို ယခင်နှစ်များထက် ပိုမိုဖမ်းဆီးရရှိခဲ့သည်။




ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးစဉ်။

**မူဝါဒနှင့် ဥပဒေပြင်ဆင်ရေးဆွဲ**

၂၀၁၆ ခုနှစ် ဧပြီလတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေး(2016 UNGASS)ကို ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံ ချဉ်းကပ်မှုများပါဝင်သော မူးယစ်ဆေးဝါး မူဝါဒများရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ လုပ်ငန်းအကြံပြုချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများ ပါဝင်သော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို အစိုးရဌာနဆိုင်ရာများ၊ လွှတ်တော်ကော်မတီအသီးသီးမှကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်မှုဖြင့် ရေးဆွဲခဲ့ကာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားမဟာဗျူဟာစီမံချက် တစ်ခုကို ရေးဆွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြုနိုင်ခဲ့သည်။ အလားတူမူဝါဒကို အထောက်အကူပြုမည့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကိုလည်း ခေတ်စနစ်နှင့် လျော်ညီစွာ ပြင်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ပြင်ဆင်သည့်ဥပဒေကို အကောင်အထည်ဖော်ရန် နည်းဥပဒေကိုရေးဆွဲလျက်ရှိရာ မကြာမီထွက်ပေါ်လာမည်ဖြစ်သည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါး ကွန်ဗင်းရှင်း သုံးခုတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ရှိသော Vienna International Center (VIC) တွင် နှစ်စဉ်ကျင်းပသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးအား ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပခဲ့သော အဆိုပါ အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်လေးဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ရုံးမှ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်နှစ်ဦး စုစုပေါင်းခြောက်ဦး တက်ရောက်ခဲ့သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါး ကော်မရှင်အစည်းအဝေးသည် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ချမှတ်ထားသောဆုံးဖြတ်ချက်များအလိုက် ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးသုံးသပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစည်းအဝေးများဖြစ်သည့် အာဆီယံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (AMMD)၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေးတပ်ဖွဲ့အစည်းအဝေး(AAITF)၊ အာဆီယံ ပင်လယ်ဆိပ်ကမ်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့အစည်းအဝေး (ASITF)နှင့် အာဆီယံမူးယစ်ဆေးဝါး စောင့်ကြည့်စစ်ဆေးရေးကွန်ရက်အစည်းအဝေး (ADMN)တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံအဖွဲ့မှ ချမှတ်ထားသည့် ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက်၂၀၁၆-၂၀၂၅ (ASEAN Work Plan 2016-2025)၊ ရွှေတြိဂံ ဒေသတွင်း တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအား တိုက်ဖျက်ရေး အာဆီယံပူးပေါင်းဆောင်ရွက်ရေးစီမံချက် (၂၀၁၇-၂၀၁၉) (ASEAN Cooperation Plan 2017-2019) နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဘင်းမ်စတက်ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမအကြိမ်အစည်းအဝေးမှ လုပ်ငန်းခွဲအုပ်စုများ ဖွဲ့စည်း၍ အဖွဲ့ဝင်နိုင်ငံများက တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေး လုပ်ငန်းခွဲအုပ်စုကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Fifth Meeting of the BIMSTEC Sub-Group on Prevention of Illicit Trafficking in Narcotics Drug, Psychotropic Substances and Precursor Chemicals အစည်းအဝေး၏အစီရင်ခံစာအရ Sub-Group ၏ ဦးဆောင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ကိုယ်စား BIMSTEC Annual Drug Report အား ထုတ်ဝေဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအတွက် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့နှင့် သဘောတူညီမှု လက်မှတ်ရေးထိုးထားရာ စုစုပေါင်း MoU/ LoA ၂၄ ခု လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ရေးထိုးထားသော နားလည်မှုစာချွန်လွှာအား ပြင်ဆင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့် နည်းပညာ၊ ပစ္စည်းကိရိယာ အကူအညီများရယူခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ သတင်းဖလှယ်ခြင်းတို့ဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ခြောက်နိုင်ငံ ပူးပေါင်းစစ်ဆင်ရေး**

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ် စသည့်ခြောက်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင် နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပခဲ့ပြီး ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ပရီကာဆာ ဓာတုပစ္စည်းများဝင်ရောက်မှုမရှိစေရေးနှင့် ရွှေတြိဂံဒေသမှ မူးယစ်ဆေးဝါးများ အခြားဒေသများသို့ ပျံ့နှံ့မှုမရှိစေရေးအတွက် မဲခေါင် MoU ခြောက်နိုင်ငံ ပူးပေါင်းမှုဖြင့် အထူးစစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်ရန် သဘောတူညီမှုရယူခဲ့ကြသည်။ ထိုအထူးစစ်ဆင်ရေးအား "Operation 1511"ဟု အမည်သတ်မှတ်၍ မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြည်သူတို့လက်တွဲ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတော်မှ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးများ**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့တွင် အခက်အခဲတစ်ခုအဖြစ် ရင်ဆိုင်နေရသော မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးနှိမ်နင်းရာတွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလက်တွဲ၍ တွန်းလှန်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုခဲ့ပြီး သောင်းကျန်းသူအဖွဲ့မျိုးစုံသည် ဘိန်းစိုက်ပျိုးရာနယ်စပ်ဒေသများတွင် အခြေပြု လှုပ်ရှားခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိသည့် အဖွဲ့အစည်းများသည် နယ်စပ်ဒေသများနှင့် တရားဥပဒေစိုးမိုးရေး လက်လှမ်းမမီသော နေရာဒေသတို့တွင် အခြေပြုလုပ်ဆောင်ကြသောကြောင့် နယ်မြေမတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ယနေ့တိုင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နယ်စပ်တစ်လျှောက် ဘိန်း စိုက်ပျိုး/ ထုတ်လုပ်မှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူတို့ပူးပေါင်းလက်တွဲမှုဖြင့် ၁၉၇၅ ခုနှစ် စက်တင်ဘာလမှ ၁၉၈၈ ခုနှစ် ဧပြီလအထိ မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်း စစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနှင့် အောင်မိုးဟိန်းစစ်ဆင်ရေးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ ဘိန်းနှင့်အတူ မူးယစ်ဆေးဝါးအန္တရာယ်မှာ ပိုမိုခြိမ်းခြောက်လာသောကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးနှိမ်နင်းလျက်ရှိရာ ဘိန်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရာလမ်းကြောင်းများကို ထိန်းချုပ်ခြင်းတို့ဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ သို့

○ စာမျက်နှာ ၆ မှ

၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများဖြစ်သော ကချင်ပြည်နယ်တွင် ဧရာဦးစစ်ဆင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သီတာစစ်ဆင်ရေး၊ ချင်းတွင်း(၁)၊ (၂) စစ်ဆင်ရေး၊ ချင်းတွင်းဧရာစစ်ဆင်ရေး၊ ရှမ်းပြည်နယ်တွင် ဆောင်ရွက်သော "Operation 1511" စစ်ဆင်ရေး၊ ရှမ်းရိုးမစစ်ဆင်ရေး၊ ရှမ်း (အရှေ့) တွင် မဲခေါင်စစ်ဆင်ရေး(၁)၊ (၂)၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ (Joint Action Plan) သုံးလ ပူးပေါင်းစစ်ဆင်ရေး၊ ရှမ်း(တောင်)တွင် သံလွင်စစ်ဆင်ရေး၊ ရှမ်း(မြောက်)တွင် ရွှေလီ(၁)၊ (၂) စစ်ဆင်ရေး၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် ဆောင်ရွက်သော မန်းကမ္ဘောဇစစ်ဆင်ရေး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဆောင်ရွက်သော ရှမ်းရိုးမ(၂) စစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတွင် ရတနာပုံစစ်ဆင်ရေး(၁)၊ (၂)၊ (၃)၊ မွန်ပြည်နယ်တွင် ရာမညစစ်ဆင်ရေး၊ ကရင်ပြည်နယ်တွင် ဖွဲကပင် စစ်ဆင်ရေး၊ ရခိုင်ပြည်နယ်တွင် ဓညဝတီစစ်ဆင်ရေး၊ မေယု(၁)၊ (၂)နှင့် ကစ္ဆပနဒီစစ်ဆင်ရေး၊ နေပြည်တော်တွင် ပေါင်းလောင်း(၁)၊ (၂) စစ်ဆင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံစစ်ဆင်ရေး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပုလဲမင်းစစ်ဆင်ရေးတို့ဖြင့် စစ်ဆင်ရေးများကို ဖော်ဆောင်ခဲ့သည်။ ထိုစစ်ဆင်ရေးများတွင် MoU ခြောက်နိုင်ငံ တစ်ပြိုင်တည်း တစ်ချိန်တည်းဆောင်ရွက်သော "Operation 1511" စစ်ဆင်ရေးသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့အနေဖြင့် အချိန်တိုအတွင်း စံချိန်တင်ဖမ်းဆီးနိုင်ခဲ့သော စစ်ဆင်ရေးတစ်ခုအဖြစ် ဂုဏ်ယူစွာ တွေ့မြင်ရမည်ဖြစ်သည်။

**သမိုင်းတွင်ကျန်ရစ်မည့် "Operation 1511"စစ်ဆင်ရေး**

မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများအကြား တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်သော "Operation 1511" စစ်ဆင်ရေးအမည်ပေါ်လာခြင်းသည် မြန်မာနိုင်ငံအပါအဝင် MoU ခြောက်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေး သဘောတူညီမှုရရှိသော ၁၅-၁၁-၂၀၁၉ ရက်နေ့ကို အစွဲပြု၍ "Operation 1511" စစ်ဆင်ရေးအမည်ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

ထိုစစ်ဆင်ရေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး စစ်ဆင်ရေးအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း ) ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာအုပ်စု လွယ်ခန်ကျေးရွာနှင့် အနီးတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းများ၏ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စစ်ဆင်ရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ရန်ကုန်အခြေစိုက် အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA)နှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)တို့နှင့် အပြန်အလှန် သတင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သတင်းရရှိမှုအပေါ် မူးယစ်ဆေးဝါးများ ဖမ်းဆီးခြင်း၊ သယ်ဆောင်ရာလမ်းကြောင်းများ ထိန်းချုပ်ခြင်း၊ ဓာတုပစ္စည်းများ တရားမဝင်တင်သွင်းမှုနှင့် ရောင်းဝယ်မှုတို့ကို တားဆီးခြင်းတို့ဖြင့် ရှမ်းပြည်နယ်တွင် တားဆီးနှိမ်နင်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ သန်းကျော်၊ အိုက်စ် ၅၀၁ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၄ ဘီလီယံကျော် သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးအမှု ၅၅ မှု၊ လက်နက်နှစ်မှုနှင့် တရားခံ ၁၃၂ ဦး ဖော်ထုတ်ရရှိ၍ ၃၄ ဦး ဖမ်းဆီးကာ ၉၈ ဦးအား တရားခံပြေးအဖြစ် အရေးယူလျက်ရှိသည်။ ထို့အတူ ရှမ်းပြည်နယ်အတွင်း ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများသည် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများ ပြည်တွင်းသို့ ဝင်ရောက်မှုမရှိစေရန် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ စစ်ဆင်ရေးများတွင် "Operation 1511" စစ်ဆင်ရေးသည် အာဆီယံနိုင်ငံများ၊ MoU နိုင်ငံများနှင့် မြန်မာနိုင်ငံအား ရွှေတြိဂံဒေသနှင့်ပတ်သက်၍ ထောက်ပြစွပ်စွဲနေသော နိုင်ငံတို့အတွက် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုအား ကမ္ဘာ့အလယ်တွင် ထုတ်ဖော်ပြသနိုင်ခဲ့ပြီဖြစ်သည်။

**အဓိကအတားအဆီး**

တစ်မျိုးသားလုံး၏ ဘုံရန်သူဖြစ်သော ဘိန်းနှင့် မူးယစ်ဆေးဝါးကို မြန်မာ့မြေပေါ်မှာသာမက ကမ္ဘာပေါ်တွင်ပပျောက်သွားရန် နိုင်ငံအသီးသီး လက်တွဲဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးစေမည်ဖြစ်သည်။ ပထမဆုံးအကြိမ်ဆောင်ရွက်ခဲ့သော "Operation 1511" စစ်ဆင်ရေးသည် စိန်ခေါ်မှုများစွာ၊ အခက်အခဲပေါင်းများစွာဖြင့် ဆောင်ရွက်ခဲ့ရသော စစ်ဆင်ရေးတစ်ရပ်လည်း ဖြစ်သည်။ အခြားနိုင်ငံများနှင့် မတူညီသည့် မြန်မာနိုင်ငံ၏ အခြေအနေအပေါ်တွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသခွင့်ရခဲ့၍ ဒေသတွင်းနိုင်ငံများ



ဘိန်းအစားထိုး လက်ဖက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

သာမက ကမ္ဘာ့နိုင်ငံများအသိအမှတ်ပြုမှုကို ရရှိမည်မှာ အမှန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိသည့် လက်နက်ကိုင်အဖွဲ့အချို့နှင့် ဆက်နွှယ်မှုကြောင့် ယနေ့ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအတားအဆီးကြီး တစ်ခု ဖြစ်လျက်ရှိသည်။

**ဘိန်းစိုက်ပျိုးထုတ်လုပ်မှု**

မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းနှင့် ဘိန်းစိုက်ဒေသရှိ ပြည်သူတို့၏ လူမှုစီးပွားစစ်တမ်းကောက်ယူမှု အစီအစဉ်ကို UNODC နှင့် ပူးပေါင်း၍ ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၀၆ ခုနှစ်တွင် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ် မှစတင်၍ ၂၀၁၃ ခုနှစ်အထိ ပြန်လည်မြင့်တက်ခဲ့သည်။

၂၀၁၄ ခုနှစ်မှ ယနေ့အချိန်အထိ ဘိန်းစိုက်ပျိုးမှု ပြန်လည်ကျဆင်းသွားခြင်းသည် နိုင်ငံတော်အစိုးရ၊ UNODC၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် တစ်ဖက်မှာလည်း ဓာတုပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်သည့် လူလုပ်မူးယစ်ဆေးဝါးများ သုံးစွဲမှုများပြားလာလျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံတွင် တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ကမ္ဘာပေါ်၌ ဒုတိယအဆင့်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် တတိယအဆင့်သို့ ကျဆင်းသွားကြောင်း UNODC ၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ တွေ့ရှိရမည်ဖြစ်သည်။ ဘိန်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိရာ ရှမ်းပြည်နယ်သည် တရားမဝင် ဘိန်းစိုက်ပျိုးမှု အများဆုံးဒေသဖြစ်သည့်အပြင် မူးယစ်ဆေးဝါး အများဆုံးထွက်ရှိရာ ဒေသဖြစ်လာသောကြောင့် နိုင်ငံတော်မှ တစ်မျိုးသားလုံးရန်စွယ်အနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခြင်းဖြစ်သည်။

**နယ်စပ်ရေးရာကို မတည်ငြိမ်မှုဖြစ်ပေါ်စေ**

မြန်မာနိုင်ငံတွင် အဆက်ဆက်ကြုံတွေ့ခဲ့ရသော အခက်အခဲမှာ လက်နက်ကိုင် ပဋိပက္ခနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင် ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းရင်းသားအားလုံး၏ နှလုံးသားဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး လက်နက်ကိုင် ပဋိပက္ခသည် တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းလက်တွဲအဖြေရှာရမည် ဖြစ်သည်။ ပဋိပက္ခ ရှည်ကြာလာခြင်းသည် မူးယစ်ဆေးဝါး အမြစ်တွယ်မှုကြောင့်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လက်နက်ဖြင့် လဲလှယ်ရာ၌ မူးယစ်ဆေးဝါးကို အဓိကပို့ကုန်အဖြစ် အသုံးချလျက်ရှိသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ ဖြတ်သန်းစီးဆင်းနေသော မူးယစ်ဆေးဝါးသည် နယ်စပ်ရေးရာကို မတည်ငြိမ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

အဆိုပါဒေသရှိ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှရရှိသော အကျိုးအမြတ်ဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူ၍ လက်နက်ကိုင်သောင်းကျန်းမှုဖြင့် နိုင်ငံရေးအသွင် ပုံဖော်လုပ်ဆောင်နေလျက်ရှိသည်။ နိုင်ငံမတည်ငြိမ်မှုကို ဖြစ်ပေါ်စေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေခြင်း၊ နိုင်ငံရေးအသွင် လက်ကိုင်အသုံးပြုလာခြင်းတို့ကြောင့် မူးယစ်ဆေးဝါး၏ အကျိုးဆက်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်လျက်ရှိရာ နိုင်ငံတော်က မဟာဗျူဟာများ ရေးဆွဲချမှတ်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က ကြိုးပမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၁၈ ခုနှစ်တွင် အမှုပေါင်း ၁၃၀၃၇ မှု၊ တရားခံ ၁၈၆၈၁ ဦးအား ဘိန်းဖြူ ၁၀၉၉ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆ သန်းကျော်၊ အိုက်စ် ၂ ဒသမ ၈ တန်ကျော်၊ ကက်တမင်း ၂ ဒသမ ၃ တန်ကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၄၄၂ ဘီလီယံကျော်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အမှုပေါင်း ၁၃၀၀၀ ၊ တရားခံ ၁၈၄၀၇ ဦးအား ဘိန်းဖြူ ၆၉၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈ သန်း ကျော်၊ အိုက်စ် ၉ ဒသမ ၄ တန်ကျော်၊ ကက်တမင်း တစ်တန်ကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတန်ဖိုး ငွေကျပ် ၅၅၅ ဘီလီယံကျော်ကိုလည်းကောင်း ဖမ်းဆီးအရေးယူခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့အထိ တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာ၌ အမှုပေါင်း ၇၀၀၁ မှု၊ တရားခံ ၁၀၀၂၁ ဦးအား ဘိန်းဖြူ ၇၀၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁ သန်းကျော်၊ အိုက်စ် ၅ ဒသမ ၆ တန်ကျော်၊ ကတ်တမင်း ၅၄၂ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၀၈ ဘီလီယံကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့၍ ၂၀၂၀ ပြည့်နှစ်သည် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အရှိန်အဟုန်မြှင့် ဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့မည်ဖြစ်သည်။

**မီးရှို့ဖျက်ဆီး**

၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့၌ မြန်မာကျပ်ငွေ ၄၅၁ ဒသမ ၇၄၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၀၁ ဒသမ ၁၆၄ သန်းကျော်)တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခဲ့သည်။ အလားတူ ၂၀၂၀ ပြည့်နှစ် (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင်လည်း မြန်မာကျပ်ငွေ ၁၂၁၇ ဒသမ ၇၁၁၈ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၈၃၉ ဒသမ ၈၀၁၂ သန်း) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးနှင့် ကွတ်ခိုင်မြို့တို့၌ ပြုလုပ်သည့် မီးရှို့၊ မြေမြှုပ်ဖျက်ဆီးပွဲတွင် ပြည်သူတို့ မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။

**တိုင်းရင်းသား ညီအစ်ကိုများ စည်းလုံးညီညွတ်စွာ**

မူးယစ်ဆေးဝါးရှိလျှင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ရှိနေမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူနှင့်အတူ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း၍ အစဉ်လက်တွဲဆောင်ရွက်လျက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နယ်စပ်ရေးရာနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးအန္တရာယ်အား အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ကာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် အသင့်ရှိနေမည်ဖြစ်သည်။ နိုင်ငံတော်၏ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာဖြင့် မူးယစ်ဆေးဝါးကင်းစင်ပျောက်ကွယ်သည်အထိ သမိုင်းပေးတာဝန်တစ်ရပ် အနေဖြင့် မူးယစ်ရန်စွယ်ကို တွန်းလှန်သွားကြရမည်သာ ဖြစ်သည်။

**အသီးအပွင့်များအဖြစ် အကျိုးခံစားရရှိ**

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးတွင် အစွမ်းကုန် ကြိုးပမ်းလာခဲ့ခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဘိန်းဖြူထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ လျော့နည်းကျဆင်းသွားသော်လည်း မူးယစ်ဆေးဝါးသုံးစွဲမှု ပုံသဏ္ဌာန်များ ပြောင်းလဲလာခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် နည်းပညာများ မြင့်မားလာခြင်း၊ ပြောင်းလဲလာခြင်းတို့ကြောင့် မူးယစ်ဆေးဝါးပြဿနာသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လျော့ကျသွားခြင်းမရှိဘဲ ဆိုးရွားနေဆဲဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စိတ်ပြောင်းဆေးဝါးအသစ်များနှင့် လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ နှစ်စဉ်များပြားလာခြင်းကြောင့် တစ်မျိုးသားလုံးသာမက ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်ဖြစ်စေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်နိုင်ရန် အမျိုးသားအဆင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များရေးဆွဲလျက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တွေ့မြင်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော် အေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အောင်မြင်မှုတို့၏ အသီးအပွင့်များကို ပြည်သူအပေါင်း ခံစားရရှိမည်ဖြစ်သည်။

**ဂုဏ်ပြု**

မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့နေရသော်လည်း မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် တုံ့ပြန်ဆောင်ရွက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ရေရှည်တည်တံ့သော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လက်တွဲပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့် အခြားသော တားဆီးနှိမ်နင်းရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခင်နှစ်များနှင့်မတူဘဲ ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင် မူးယစ်ဆေးဝါး အမြောက်အမြားကို စံချိန်တင် ဖမ်းဆီးရမိခြင်းဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဦးလည်မသုန် စွမ်းစွမ်းတမံ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် ပြည်သူနှင့်အတူ လက်တွဲပူးပေါင်းအောင်မြင်ခဲ့မှုအား ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့၌ ပြုလုပ်သည့် မူးယစ်ဆေးဝါးများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးပွဲ၌ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာတစ်ဝန်းမှ မျက်ဝါးထင်ထင်တွေ့မြင်သိရှိစေမည် ဖြစ်သည်။

သို့ဖြစ်၍ အရှိန်အဟုန်ရလျက်ရှိသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ခြေလှမ်းများဖြင့် ဆက်လက်လှမ်းချီလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်သွားမည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

# ဝန်ထမ်းနောင်ရေး စိတ်အေးဖို့ ရန်ပုံငွေစနစ် ထူထောင်စို့

ဒေါက်တာဝါဝါမောင်

မြန်မာနိုင်ငံ၏ ပင်စင်စနစ်သည် အခြားနိုင်ငံများကဲ့သို့ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် နယ်ပယ်တစ်ရပ်ဖြစ်ပါသည်။ ယုံကြည်အားထားရ၍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော အမျိုးသားရန်ပုံငွေစနစ် ပေါ်ပေါက်လာစေရန်ရည်မှန်း၍ လက်ရှိပင်စင်စနစ်အား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။ ဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက် စိတ်အေးစွာ အထောက်အပံ့ဖြစ်စေရန်နှင့် အထူးသဖြင့် အငြိမ်းစားဘဝတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအား ပံ့ပိုးနိုင်စေရန်ဖြစ်ပါသည်။

ပင်စင်စနစ်တစ်ခုလုံး ပြုပြင်ပြောင်းလဲသည့် Systemic Reform ဆိုသည်မှာ စနစ်၏ အခြေခံတည်ဆောက်မှုပုံစံတစ်ခုလုံးအား ပြုပြင်ပြောင်းလဲခြင်းဖြစ်ရာ လက်ရှိဆောင်ရွက်သည့် သတ်မှတ်အကျိုးခံစားခွင့်စနစ် (Defined Benefit System)မှ သတ်မှတ်ထည့်ဝင်ကြေးထည့်ဝင်သည့်စနစ် (Defined Contribution System)သို့ ကူးပြောင်းရန် ရည်ရွယ်ပါသည်။ လက်ရှိကာလတွင် အသွင်ကူးပြောင်းသည့် ကာလဖြစ်ခြင်းကြောင့် ပင်စင်စနစ်ဟောင်းရော ပင်စင်စနစ်သစ်ပါ တစ်ပြိုင်တည်း (Parallel)ဆောင်ရွက်သွားမည်ဖြစ်ပြီး တဖြည်းဖြည်းနှင့် စနစ်ဟောင်းနေရာတွင် စနစ်သစ်ဝင်ရောက် နေရာယူနိုင်မည်ဖြစ်ပါသည်။

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ (Central Provident Fund–CPF) အား ထူထောင်ရခြင်း အကြောင်းရင်းများစွာရှိပါသည်။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံမှ ရှုမြင်နိုင်ပါသည်။

**အုပ်ချုပ်ရေး ရှုထောင့်**

အုပ်ချုပ်ရေးရှုထောင့်မှ ကြည့်ရှုမည်ဆိုပါက ဝန်ထမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး(Civil Service Reform) အရ ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် နောင်ရေးစိတ်အေးစေရန် ဖန်တီးဖို့လိုအပ်ပါသည်။ ဝန်ထမ်းများ ပင်စင်ယူမည့်အသက်အရွယ်တွင် နောင်ရေးစိတ်အေးနိုင်ရန် ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိအလုပ်ခွင်တွင် စိတ်ပါလက်ပါနှင့် စိတ်နှစ်ဆောင်ရွက်နိုင်မည်။ လူနေမှုဘဝအတွက် စိတ်လုံခြုံမှုရှိပါက လေ့ကျင့်ပြီးသော နိုင်ငံ့ဝန်ထမ်းများ အခြားသောကဏ္ဍများသို့ အလုပ်ကူးပြောင်း တာဝန်ထမ်းဆောင်မှုနှုန်း၊ အလုပ်ထွက်သည့်နှုန်းလျော့နည်းစေမည်။ သတ်မှတ်ထားသော တာဝန်များအား လုပ်ငန်းခွင်တွင် ဝတ်ကျေတန်းကျေ၊ တာဝန်ကျေ ဆောင်ရွက်ရုံသာမက စေတနာပါ ထည့်သွင်းဆောင်ရွက်စေခြင်း၊ သင်ကြားပေးထားသည့် လူ့စွမ်းအားရင်းမြစ်အား ထိန်းသိမ်းစေနိုင်သဖြင့် တည်ငြိမ်သည့် အလုပ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေနိုင်ပါသည်။

ယခုအချိန်တွင် အစိုးရဝန်ထမ်းများအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့်နှိုင်းယှဉ်ပါက လစာနည်းသည်၊ အစိုးရအဖွဲ့အစည်းများတွင် ဆောင်ရွက်ရသည်မှာ စိတ်ဝင်စားစရာမကောင်းဟု ထင်မြင်ယူဆကာ အစိုးရဝန်ထမ်းဘဝကို နှစ်သက်စိတ်ဝင်စားသူများမှအပ ပင်ကိုစွမ်းရည်ရှိသောသူများ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသူများက အစိုးရဌာနများတွင် လျှောက်ထားမှုနည်းပါးပါသည်။ လစာများသော၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားပြီး သွက်လက်သောလုပ်ငန်းခွင်များတွင် ပိုမိုလျှောက်ထားလေ့ရှိကြသည်။ စွန့်ဦးတီထွင်မှုများ ဆောင်ရွက်လေ့ရှိကြသည်။ နိုင်ငံ့ဝန်ထမ်းအလုပ်ကို လူနေမှုဘဝအာမခံချက်ပေးနိုင်သည့် အနေအထားမှသာလျှင် အရည်အသွေးရှိသည့် ဝန်ထမ်းလောင်းလျာများက ပိုမိုလျှောက်ထားလာကြမည်ဖြစ်ပါသည်။ သို့မှသာ စွမ်းဆောင်ရည်ပြည့်ဝပြီး အရည်အသွေးရှိသည့် အစိုးရဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ များလာအောင် ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဝန်ထမ်းများ၏နောင်ရေးအား အမှန်တကယ် စိတ်အေးစေရန် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (CPF) မှ ရရှိသော အကျိုးအမြတ်တို့အား ထိရောက်စွာ ခံစားစေခြင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလတွင်ရော အငြိမ်းစားယူမည့်အသက်အရွယ်မှာပါ လိုအပ်သည့်ဝန်ဆောင်မှုများအား ရယူနိုင်ခြင်းဖြင့် လူသားရင်းမြစ်ကို ထိန်းသိမ်းကာ တည်ငြိမ်သော အလုပ်ဝန်းကျင်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်နိုင်မှသာ အစိုးရဌာနအဖွဲ့အစည်းများ အားကောင်းလာစေမည်ဖြစ်သည်။ ဤသို့ဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ခြင်းသည် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဝန်ထမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် သက်ဆိုင်အကျုံးဝင်လျက်ရှိပါသည်။

**စီးပွားရေး ရှုထောင့်**

နိုင်ငံ့ဝန်ထမ်းများ၏ အငြိမ်းစားလူနေမှုဘဝတွင် စီးပွားရေးအရ ဝင်ငွေအဖြစ် တစ်လုံးတစ်စည်းတည်းဆုငွေ၊ အငြိမ်းစားလစာ စသည်ဖြင့် အငြိမ်းစားအကျိုးခံစားခွင့်ကို ခံစားနိုင်စေရန်နှင့် ဝန်ထမ်းဘဝတွင် လိုအပ်သည့် ဝန်ဆောင်မှုများခံစားရရှိနိုင်စေရန် ဖြစ်ပါသည်။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအား အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် ရေရှည်တွင် ပင်စင်၏ကြီးလေးသော တာဝန်အတွက် ဘဏ္ဍာရေးခံနိုင်ဝန်အား ပိုမိုရှိလာစေပြီး တစ်ဖက်က ဘဏ္ဍာရေးလိုငွေပြမှုကို လျော့ပါးစေရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ထိုမှတစ်ဆင့် မေခရိုစီးပွားရေးတည်ငြိမ် အားကောင်းစေရေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါသည်။ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ(CPF)သည် ပင်စင်အသုံးစရိတ်အား သီးသန့်ရန်ပုံငွေထားရှိပြီး တိုးပွားအောင် ဆောင်ရွက်၍ ဝန်ထမ်းများ၏ အငြိမ်းစားအကျိုးခံစားခွင့်အား ခံစားစေနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများ၏ စုဆောင်းမှုအား ရင်းနှီးမြှုပ်နှံမှုအဖြစ်ပြောင်းလဲ၍ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအား အားကောင်းလာစေရန်၊ အလုပ်အကိုင်ဖန်တီးမှုများ ဖြစ်ပေါ်လာစေရန်၊ စီးပွားရေး အဆောက်အအုံအတွင်း ငွေကြေးလှည့်လည်မှုအား ကောင်းမွန်စေရန်ဖြစ်ပါသည်။

**လူမှုရေး ရှုထောင့်**

လူမှုရေးရှုထောင့်အရ ကြည့်လျှင်လည်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ(CPF)အဖွဲ့ဝင်များအတွက် လိုအပ်ချက်များအပေါ်မူတည်ပြီး သင့်လျော်သည့် ချေးငွေအမျိုးအစားများ၊ ဝန်ဆောင်မှု Package များအား ကမ်းလှမ်းမည်ဖြစ်ခြင်းကြောင့် လူမှုရေးမဏ္ဍိုင်ကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါသည်။ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။

အနာဂတ်ကာလတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိက ကဏ္ဍ ဝန်ထမ်းများကိုပါ လွှမ်းခြုံနိုင်မည့် အမျိုးသားပင်စင်စနစ် (National Pension System) သို့ မျှော်မှန်းဆောင်ရွက်ရန်လိုအပ်လာပါသည်။ ယခု ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ နိုင်ငံ့ဝန်ထမ်းများအတွက် ချဉ်းကပ်အကောင်အထည်ဖော်ဆောင်ရန် ဖြစ်သော်လည်း သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုများအားတစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ Formal Sector တွင် အချိန်ပြည့်တာဝန်ထမ်းဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက်လည်း ထူထောင်နိုင်ရန် အားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအတွက် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ မိမိတို့လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၏ အငြိမ်းစားဘဝအား အထောက်အပံ့ပြုနိုင်ရန်အတွက် ထိန်းကျောင်းရန် Regulatory Role အရ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ထို့ကြောင့် ဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက် စိတ်အေးစွာ အထောက်အပံ့ဖြစ်စေရန်နှင့် မျှတသည့် ပင်စင်အကျိုးခံစားခွင့်များကို ရရှိစေသည့် အငြိမ်းစားလူနေမှုစနစ်သို့ ကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

**လက်ရှိပင်စင်စနစ်၏ စိန်ခေါ်မှုနှင့် အခက်အခဲများ**

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်း ပင်စင်စနစ်သည် ရန်ပုံငွေထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်ဖြစ်ပြီး ပင်စင်အသုံးစရိတ်အား နိုင်ငံတော်ဘတ်ဂျက်မှ တိုက်ရိုက်တာဝန်ယူ ကျခံသည့်စနစ် ဖြစ်ပါသည်။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် စာရင်းအရ စုစုပေါင်း ပင်စင်အသုံးစရိတ်မှာ ၁၁၁၆ ဘီလီယံကျပ်ရှိပါသည်။ လက်ရှိပင်စင်အသုံးစရိတ်သည် GDP ၏ ၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ နိုင်ငံတော်အခွန်ရငွေ၏ ခြောက်ပုံတစ်ပုံ စုစုပေါင်းအသုံးစရိတ်၏ ၄ ဒသမ ၀၄ ရာခိုင်နှုန်းနီးပါးအထိ ရှိလာခဲ့ပါသည်။ ယခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားခြင်းကြောင့် အခွန်နှုန်းထားများလျှော့ချခြင်း၊ အချို့သော စီးပွားရေးလုပ်ဆောင်ချက်များကျဆင်းခြင်းတို့ကြောင့် အခွန်နှင့် ပင်စင်အသုံးစရိတ်အချိုးမှာ ယခုထက်ပိုမိုများပြားလာနိုင်ပါသည်။ ထို့ပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကအသွင်ကူးပြောင်းသည့်အတွက် ဝန်ထမ်းများအတွက် ပင်စင်အသုံးစရိတ်များ ပိုမိုကျခံရမည့် အနေအထားများလည်းရှိနေပါသည်။

ပင်စင်စားအင်အား နှစ်စဉ်တိုးတက်လာခြင်းနှင့် ပင်စင်စားတို့၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ်များအား ပိုမိုကျခံသုံးစွဲနေရသည်။ ရန်ပုံငွေသီးသန့်လျာထားဆောင်ရွက်ခြင်း မရှိသည့်အတွက် ရေရှည်တွင် တည်တံ့ခိုင်မြဲသည့် ပင်စင်စနစ်မဖြစ်နိုင်သကဲ့သို့ နိုင်ငံတော်၏ဘတ်ဂျက်၌ ဝန်ထုပ်ဝန်ပိုးအနေဖြင့်လည်း ဖြစ်ပေါ်လျက် ရှိပါသည်။ သီးသန့်ရန်ပုံငွေထူထောင်ရန် လိုအပ်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၌ ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် ပင်စင်လစာများပေးအပ်ရန်ဘတ်ဂျက်အတွက် ရန်ပုံငွေအား တိုးတက်စေရေး ရှာဖွေသည့် အဖွဲ့အစည်းတစ်ရပ် လိုအပ်လျက်ရှိပါသည်။

- စင်ကာပူနိုင်ငံအနေဖြင့် Central Provident Fund Act (၁၉၅၃)အား ပြဋ္ဌာန်း၍ ၁၉၅၅ ခုနှစ်တွင် လည်းကောင်း၊
- ထိုင်းနိုင်ငံတွင် Government Pension Fund Act (B.E.2539) ၁၉၉၇ ခုနှစ်မှ စတင်၍လည်းကောင်း၊
- မလေးရှားနိုင်ငံတွင် Employee Provident Fund Ordinance (1951) ကိုလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် Employee Provident Fund (EPF) Act အနေဖြင့် ပြင်ဆင်အစားထိုး၍ ၁၉၅၁ ခုနှစ်တွင်လည်းကောင်း၊
- အင်ဒိုနီးရှားနိုင်ငံတွင် BPJS Law (2011) နှင့် SJSN Law(2004) အား ပြဋ္ဌာန်း၍ ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊
- အိန္ဒိယနိုင်ငံတွင် Employees Provident Funds and Miscellaneous Provision Act, 1952, The Pension Fund Regulatory and Development Authority Act (PFRDA Act) 2013 တို့အား ပြဋ္ဌာန်း၍ ၂၀၀၄ ခုနှစ်တွင် မဝင်မနေရအဖြစ် စတင်၍လည်းကောင်း၊
- ဟောင်ကောင်တွင် Mandatory Provident Fund Law (2000) အား ပြဋ္ဌာန်း၍ ၁–၁၂–၂၀၀၀ မှစတင်၍လည်းကောင်း ဗဟိုရန်ပုံငွေအား ထူထောင်၍ အသီးသီး ဆောင်ရွက်ခဲ့ကြပါသည်။
- မြန်မာနိုင်ငံတွင်လည်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ (Central Provident Fund Law) ကို ယခုနှစ်အတွင်း ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရန်ပုံငွေကို အခြေခံ၍ ခံစားခွင့်ပြုသည့်စနစ် (Funded Defined Contribution System) သို့ ပြောင်းလဲရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအား ထူထောင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုကို ရေတိုအတွင်း ပြုပြင်ပြောင်းလဲမှုအနေဖြင့် လက်ရှိမူဘောင်အတွင်းပြောင်းလဲမှု(Parametric Reform)နှင့် စနစ်တစ်ခုလုံးပြုပြင်ပြောင်းလဲမှု (Systemic Reform)တို့အား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပင်စင်စနစ်အား လက်ရှိစနစ်ဟောင်း(Old system) ရော ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ စနစ်သစ် (New CPF system) ပါ တစ်ပြိုင်တည်း ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအား ထူထောင်ခြင်း**

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဆိုသည်မှာ အငြိမ်းစားအကျိုးခံစားခွင့်ရရှိရန် နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကို ပြဋ္ဌာန်း၍ထူထောင်မည့် ရန်ပုံငွေကို ဆိုလိုပါသည်။ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအား ထူထောင်ရခြင်း ရည်ရွယ်ချက်များမှာ–

(က) ပိုမိုထိရောက်၍ စွမ်းဆောင်ရည်ရှိသော ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် ပေါ်ပေါက်ကျင့်သုံးနိုင်စေရန်၊

(ခ) ရန်ပုံငွေ ထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်မှ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကို အခြေခံ၍ အကျိုးခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲရန်၊

(ဂ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးကို ပံ့ပိုးပေးရန်၊

(ဃ) ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေတိုးပွားစေပြီး ရေရှည်တည်တံ့ခိုင်မာစေသည့် အကျိုးခံစားခွင့်များ ဖြစ်ပေါ်စေရန်၊

(င) မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် လိုအပ်သောကဏ္ဍတွင် အထောက်အကူဖြစ်စေရန်၊

(စ) ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မည့်ပုံစံအရ –

(က) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund–CPF) စနစ် စတင်အကောင်အထည်ဖော်ရာတွင် အကျုံးဝင်သောဝန်ထမ်းများ သတ်မှတ်ရာ၌ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ အသက်ဝင်ပြီးနောက် စတင်ခန့်အပ်သည့် ဝန်ထမ်းသစ်များအားလုံး ပါဝင်ရန်ဖြစ်ပါသည်။

(ခ) အကောင်အထည်ဖော်မှု ပိုမိုမြန်ဆန်စေရေးအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေ အသက်ဝင်ချိန်တွင် ပင်စင်အကျိုးခံစားခွင့် မရှိသေးသည့် လုပ်သက်(၁၀)နှစ်အောက် ဝန်ထမ်းများအားလုံးကို မဝင်မနေရစနစ်ဖြင့် ပါဝင်စေရန်ဖြစ်ပါသည်။ လုပ်သက်(၁၀)နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများသည် အငြိမ်းစားအကျိုးခံစားခွင့်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လက်ရှိပင်စင်စနစ်ဟောင်းအတိုင်း ဆက်လက်ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

(ဂ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကို စီမံခန့်ခွဲရာတွင် ဒါရိုက်တာအဖွဲ့ (Fund Bureau or Fund Board)ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်တွင် လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ထားရှိဖွဲ့စည်းမည်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအား ဒုတိယဝန်ကြီးအဆင့်အနေဖြင့် သီးခြားခန့်အပ်တာဝန်ပေးရန်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးရုံးအဖြစ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ပင်စင်ဦးစီးဌာနမှ ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဃ) အခြေခံလစာ၏ ထည့်ဝင်ကြေးနှုန်းထားသတ်မှတ်ရာတွင် ဝန်ထမ်းနှင့် အစိုးရတို့မှ ထည့်ဝင်ကြေးအဖြစ် အခြေခံလစာ၏ (၅ ရာခိုင်နှုန်း)စီကို သတ်မှတ်ရန်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ပြောင်းလဲ သတ်မှတ်ခွင့်ရှိမည်ဖြစ်ပါသည်။

(င) ဒါရိုက်တာအဖွဲ့တွင် အစိုးရကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်၊ ပြင်ပပညာရှင်တို့ဖြင့် အချိုးကျ ဖွဲ့စည်းမည်ဖြစ်ပါသည်။

(စ) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ စတင်အသက်ဝင်သည့်နေ့ကို Cut–Off Date အဖြစ် သတ်မှတ်မည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ် (၁–၁၀–၂၀၂၀)ရက်နေ့မှစတင်၍ ဆောင်ရွက်ရန် လျာထားပါသည်။

(ဆ) အငြိမ်းစားအကျိုးခံစားခွင့်ပြုရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပင်စင်အမျိုးအစားများအားလုံး ရယူခံစားခွင့်ရှိသည်။ အငြိမ်းစားအကျိုးခံစားခွင့်များအား လုပ်သက်ဆုငွေနှင့် လစဉ်အကျိုးခံစားခွင့်များ ခံစားရရှိနိုင်မည်ဖြစ်သည်။ လက်ရှိစနစ်ထက် ပိုမိုကောင်းမွန်သော ပင်စင်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်ရန် ရည်ရွယ်ပါသည်။

စာမျက်နှာ ၉ သို့ ❍

# မန္တလေး-နောင်ချို-လားရှိုး-မူဆယ်ကားလမ်းပေါ်ရှိ ဂုတ်တွင်းတံတားသစ် မကြာမီဖွင့်လှစ်နိုင်တော့မည်

**နေပြည်တော် ဇွန် ၂၅**

နယ်စပ်ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် မန္တလေး-နောင်ချို-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ နှစ်လမ်းသွား ဂုတ်တွင်းတံတားသစ် တည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဝင်းမင်းထွန်းက ပြောသည်။

"အရင်တံတားဟောင်းက မိုင်းခွဲဖျက်ဆီးခံခဲ့ရတဲ့အတွက် ဒီတံတားအသစ်ကို တည်ဆောက်တာဖြစ်ပါတယ်။ ဖျက်ဆီးခံလိုက်ရတဲ့တံတားကို ၂၀၀၇ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တာပါ။ အဲဒီတံတားကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက မိုင်းခွဲဖျက်ဆီးလိုက်တာပါ။ ဖျက်ဆီးခံရပြီး ခြောက်ရက်အတွင်းမှာပဲ ကားတွေဖြတ်သန်းသွားလာလို့ရအောင် ဘေလီတံတားတစ်စင်းကို ယာယီအနေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီတံတားက ဘေလီတံတားဖြစ်တဲ့အတွက် ယာဉ်တစ်စီးချင်းပဲ ဖြတ်သန်းသွားလို့ရတယ်။ ဒါကြောင့် မန္တလေးဘက်က လာတဲ့ကားတွေ ဖြတ်သန်းချိန်မှာ မူဆယ်ဘက်ကလာတဲ့ကားတွေက ရပ်စောင့်ရတဲ့အတွက် ခရီးသွားလာမှုနဲ့ ကုန်စည်ကူးသန်းမှုတွေမှာ ကြန့်ကြာမှုတွေရှိပါတယ်။

" ဒါကြောင့် ၂၀၁၉ ဒီဇင်ဘာလက စပြီး ဖျက်ဆီးခံလိုက်ရတဲ့ တံတားနဲ့ ဘေးချင်းကပ်မှာပဲ တံတားအသစ်ကို စတင်တည်ဆောက်ပါတယ်။ တံတားအကျယ်က ပေ ၃၀ ရှိပြီး ဘေးမှာ စက်ဘီးသွားလို့ရတဲ့ လမ်းလည်း ထည့်သွင်းပေးထားပါတယ်။ လာမယ့် ဇူလိုင်လကုန်လောက်မှာ တည်ဆောက်ပြီးတော့မှာဖြစ်ပါတယ်" ဟု ဦးဝင်းမင်းထွန်းက ပြောသည်။

ယခုတည်ဆောက်ပြီးစီးတော့မည့် ဂုတ်တွင်းတံတားသစ်သည် အရှည်ပေ ၂၁၀၊ ယာဉ်သွားလမ်း အကျယ်ပေ ၃၀၊ တံတားအမျိုးအစားမှာ အပေါ်ထည် Steel Plate Girder၊ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်တိုင်ကိုယ်ထည်ဖြစ်ကာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်ကြောင်းနှင့် ငွေကျပ် ၈၇၄ သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

" အခုဂုတ်တွင်းတံတားအသစ်ကို တည်ဆောက်နေတာခြောက်လလောက်ရှိပါပြီ။ ဒီကာလအတွင်း ကိုဗစ် -၁၉ ဖြစ်လာတဲ့အတွက် ဝန်ထမ်းအသစ်တွေနဲ့ တံတားကိုတည်ဆောက်ရာမှာ ပံ့ပိုးပေးမှုအပိုင်းအနေနဲ့ Lockdown ကာလကြောင့် အရှိန်လျော့ခဲ့ပါတယ်။ ဒီလိုလျော့ခဲ့တဲ့ အချိန်တွေကို Cover ဖြစ်ဖို့အတွက် လူအင်အားအပြည့်နဲ့ နေ့ရောညပါ အားသွန်ခွန်စိုက် တည်ဆောက်နေတဲ့အတွက် သတ်မှတ်ကာလအတွင်းမှာ ပြီးစီးမှာပါ။ အခု တံတားအသစ်ပြီးသွားရင်တော့ ဒီယာယီလုပ်ပေးထားတဲ့ ဘေလီတံတားကို ဖြုတ်သိမ်းသွားမှာ ဖြစ်ပါတယ်။ ယာယီဘေလီတံတားဟာ အရေးပေါ်အသုံးပြုတဲ့အတွက် တခြားနေရာတွေမှာ အရေးပေါ်လိုအပ်လာရင် ပြောင်းပြီးသုံးစွဲနေရမှာဖြစ်ပါတယ်" ဟု ဦးဝင်းမင်းထွန်းက ဆက်လက်ပြောကြားသည်။

ဂုတ်တွင်းတံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မန္တလေး - နောင်ချို- လားရှိုး-မူဆယ် ကားလမ်းမိုင်တိုင်အမှတ်(၈၄) တွင် တည်ရှိပြီး အဆိုပါတံတားသည် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုအတွက် အဓိကနယ်စပ်ကုန်သွယ်လမ်းမကြီးပေါ်ရှိ အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်ကာ နေ့စဉ် မော်တော်ယာဉ် အကြီး၊ အသေး အစီးရေ ၇၀၀၀ မှ ၁၀၀၀၀ ကြား ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လက်ရှိအခြေအနေမှာ အရင်တံတား မိုင်းခွဲခံခဲ့ရပြီး နောက်ပိုင်း ယာယီဘေလီတံတားက ယာဉ်တစ်စီးချင်းပဲ သွားလို့ရတဲ့အတွက် အဆင်းနဲ့အတက် သွားနေရတာပါ။ ကျွန်တော်တို့က တချို့အပိုင်းတွေမှာ ကုန်စည်တွေကို အချိန်နဲ့တစ်ပြေးညီ အပြန်အလှန်ပို့ဆောင်နေရတဲ့အတွက် အချိန်နှောင့်နှေး ကြန့်ကြာမှုတွေရှိတယ်။ လက်ရှိမှာတော့ တံတားအသစ် ထပ်မံတည်ဆောက်နေတာကို တွေ့ရပါတယ်။ မကြာခင်လည်း ပြီးတော့မယ်လို့ ထင်ပါတယ်။ တံတားကြီးပြီးသွားပြီဆိုရင်တော့ ကားနှစ်စီးယှဉ်ပြီး မောင်းလို့ရတဲ့အတွက် အချိန်ကုန် အများကြီး သက်သာသွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့လို ကုန်ကားမောင်းသူတွေအနေနဲ့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်" ဟု မန္တလေး-မူဆယ် ကုန်ကားမောင်းသည့် ကိုဝင်းဖိုလ်က ပြောသည်။

"ဂုတ်တွင်းအဆင်းအတက်လမ်းတွေကို မဆင်းမတက်ရဘဲသွားနိုင်မယ့် ဂုတ်ထိပ်တံတားကြီးတစ်ခုကိုလည်း နိုင်ငံတော်အနေနဲ့ တည်ဆောက်ဖို့ရှိပါတယ်။ အဲဒီတံတားကြီး တည်ဆောက်လို့ ပြီးသွားရင်တော့ အခု ဂုတ်တွင်းတံတားနဲ့ ဂုတ်တွင်းအတက်အဆင်းလမ်းတွေက ဒေသတွင်း ခရီးသွားလာမှုတွေရှိတဲ့အခါ အရင်က ဒီလမ်းဟောင်းကို ဘယ်လိုတွေအသုံးပြုခဲ့ကြတယ်ဆိုတာ လေ့လာစရာအဖြစ် ရှိနေမှာဖြစ်ပါတယ်။ ဒေသတွင်း ခရီးသွားလာမှုအတွက် ဒီလမ်းကြီးနဲ့ ဒီတံတားဟာ အထောက်အကူ ပြုနေမယ်လို့ ထင်ပါတယ်။

"ဂုတ်ထိပ်တံတားတည်ဆောက်မယ်ဆိုရင် ခန့်မှန်းခြေ မီတာ ၈၀၀ နဲ့ ၉၀၀ အကြား အရှည်ရှိမှာဖြစ်ပါမယ်။ ဂုတ်တွင်းချိုင့်လမ်းကို မဆင်းတော့ဘဲ တောင်ပေါ်ကနေ ဖြတ်သွားမှာဖြစ်တဲ့အတွက် ခရီးသွားလာချိန် တိုတောင်းမယ်၊ ကားတွေအနေနဲ့လည်း ကုန်ချိန်များစွာ တင်ဆောင်ပြီး ဂုတ်တွင်းချိုင့်လမ်းကို အဆင်းအတက် မောင်းရတဲ့ အခက်အခဲကို ကျော်လွန်ပြီး အချိန်ကုန် သက်သာသွားမှာဖြစ်တယ်။ ဒီတံတားတည်ဆောက်ဖို့အတွက် ခွင့်ပြုချက် တောင်းခံတာတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ် " ဟု ဦးဝင်းမင်းထွန်းက ဂုတ်ထိပ်တံတား တည်ဆောက်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ပြောကြားသည်။

"တံတားဦးစီးဌာနအနေနဲ့ နိုင်ငံတော်အတွင်းမှာရှိတဲ့ ဘယ်ဒေသမှာမဆို တံတားတွေကို တည်ဆောက်ပေးလျက်ရှိပါတယ်။ တံတားဦးစီးဌာနနည်းတူ ဆောက်လုပ်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကလည်း ကျေးရွာချင်းဆက်လမ်းတွေမှာတံတားတွေကိုတံတားဦးစီးဌာနက ထုတ်ထားတဲ့ ဒီဇိုင်း၊ စံချိန်စံညွှန်းများနဲ့အညီ တည်ဆောက်ပေးလျက်ရှိပါတယ်။ ယခုအခါ ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်တဲ့အနေနဲ့ တံတားအငယ်တွေကိုပုဂ္ဂလိကတွေအနေနဲ့ တည်ဆောက်ဖို့ လမ်းဖွင့်ပေးထားတာတွေ၊ ကူညီပေးနေတာတွေရှိတဲ့အတွက် တံတားပညာကို မှီငြမ်းလိုတယ်၊ အကူအညီလိုတယ်ဆိုရင် တံတားဦးစီးဌာနကို လာရောက် အကူအညီတောင်းနိုင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

**သတင်း-မျိုးမင်းနိုင်**
**ဓာတ်ပုံ-မျိုးမြင့်**





တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဝင်းမင်းထွန်း

## ဆည်ရေကို စနစ်တကျအကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေလိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှု လုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေလိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❍ စာမျက်နှာ ၈ မှ

### ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မည့်ပုံစံ

| စဉ် | အကြောင်းအရာ | အကောင်အထည်ဖော်မည့်ပုံစံ |
|---|---|---|
| ၁။ | အကျုံးဝင်သော ဝန်ထမ်းများ သတ်မှတ်ခြင်း | - ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund-CPF) စနစ်တွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေအသက်ဝင်ပြီးနောက် စတင်ခန့်အပ်သည့် ဝန်ထမ်းသစ်များအားလုံးပါဝင်ရန်၊<br>- ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေအသက်ဝင်ချိန်တွင် ပင်စင်အကျိုးခံစားခွင့်မရှိသေးသည့် လုပ်သက်(၁၀)နှစ်အောက် ဝန်ထမ်းများအားလုံးကို မဝင်မနေရစနစ်ဖြင့် ပါဝင်စေရန်၊ |
| ၂။ | စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း | - ဒါရိုက်တာအဖွဲ့ (Fund Bureau or Fund Board)ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်တွင် လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ထားရှိဖွဲ့စည်းရန်၊<br>- ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအား ဒုတိယဝန်ကြီးအဆင့်အနေဖြင့် သီးခြားခန့်အပ်တာဝန်ပေးရန်၊<br>- ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ပါက ဒါရိုက်တာအဖွဲ့ကို အထောက်အကူပြုရန် ရုံးအဖွဲ့အား ရန်ပုံငွေထိန်းသိမ်းလည်ပတ်မှုလုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေမှုရှိသည့် ဖွဲ့စည်းပုံအဖြစ် ပြင်ဆင်ဖွဲ့စည်းရန်၊<br>- ဒါရိုက်တာအဖွဲ့တွင် အစိုးရကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်၊ ပြင်ပပညာရှင်တို့ဖြင့်အချိုးကျဖွဲ့စည်းရန်၊<br>- ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးရုံးဖြစ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ပင်စင်ဦးစီးဌာနမှ ဆောင်ရွက်မည် ဖြစ်ပါသည်။ |
| ၃။ | အခြေခံလစာ၏ထည့်ဝင်ကြေး နှုန်းထား သတ်မှတ်ခြင်း | - ဝန်ထမ်းနှင့် အစိုးရတို့မှ ထည့်ဝင်ကြေးအဖြစ် အခြေခံလစာ၏ (၅%) စီကို သတ်မှတ်ရန် (အစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။) |
| ၄။ | Cut-Off Date သတ်မှတ်ခြင်း | - ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ စတင်အသက်ဝင်သည့်နေ့ကို Cut-Off Date အဖြစ် သတ်မှတ်ရန်၊ လာမည့် ဘဏ္ဍာနှစ်(၁-၁၀-၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ရန် လျာထားပါသည်။ |
| ၅။ | အကျိုးခံစားခွင့်ပြုခြင်း | - နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပင်စင်အမျိုးအစားများ အားလုံးတွင် ခံစားခွင့်ရှိသည်။ အငြိမ်းစား အကျိုးခံစားခွင့်များအား လုပ်သက်ဆုငွေနှင့် လစဉ်အကျိုးခံစားခွင့်များ ခံစားရရှိနိုင်မည်ဖြစ်သည်။ |

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ရန်နှင့် စပ်လျဉ်း၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ ဥပဒေကိုရေးဆွဲရာတွင် ပဍ္စမမူကြမ်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အငြိမ်းစားလစာသည် လက်ရှိကာလ၏ ဝယ်နိုင်စွမ်းအားကို ထိန်းသိမ်းထားနိုင်ရေးတို့အတွက် ရန်ပုံငွေစီမံခန့်ခွဲသည့် ဒါရိုက်တာအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာနှင့်အတူ စီးပွားရေးအမြင်ရှိရှိ ရန်ပုံငွေတိုးတက်ရေး လုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေကိုအခြေခံ၍ အငြိမ်းစားများ၏ ပိုမိုကောင်းမွန်သော ပင်စင်ဆိုင်ရာဝန်ဆောင်မှုပေးခြင်း၊ လူနေမှုဘဝ အရည်အသွေး ပိုမိုလုံခြုံစေနိုင်ခြင်းဖြင့် ယုံကြည်အားထားရသော ပင်စင်စနစ်ဖြစ်ပေါ်စေနိုင်ရန် ဖြစ်ပါသည်။

ထို့ကြောင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်၍ ပင်စင်စနစ်အား ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ရေရှည်တွင် နိုင်ငံတော်အစိုးရအတွက် ပင်စင်၏ ကြီးလေးသောတာဝန်ကြောင့် ဘတ်ဂျက်လိုငွေပြမှုအား လျော့နည်းစေနိုင်ခြင်း၊ ပင်စင်စားများအတွက် အကျိုးရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းအားဖြင့် ပင်စင်ရန်ပုံငွေ တိုးပွားမှုအပေါ်မူတည်၍ ပင်စင်လစာ တိုးတက်ပြောင်းလဲသတ်မှတ်စေနိုင်ခြင်း၊ ဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက် စိတ်အေးစွာ အထောက်အပံ့ဖြစ်စေခြင်းနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအား အထောက်အပံ့ဖြစ်စေခြင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေသော အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုများ၊ စီမံခန့်ခွဲမှုများကို တစ်ဆင့်ပြီး တစ်ဆင့် အသွင်ကူးပြောင်းစေနိုင်ခြင်းတို့ကြောင့် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်တစ်လျှောက်လုံး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို လေးစားအသိအမှတ်ပြုခြင်းအားဖြင့် အငြိမ်းစားလူနေမှုဘဝ အရည်အသွေး တိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးသည် မိမိတို့နိုင်ငံတွင် ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် နယ်ပယ်တစ်ရပ် ဖြစ်ပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့်လည်း "ဝန်ထမ်းနောင်ရေး ကြောင့်ကြဝေးဖို့ CPF မှာ ထည့်ဝင်ကြပါစို့"ဟူသော ဆောင်ပုဒ်အရ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

# အစိုးရနှင့် NCA- S EAO ကိုယ်စားလှယ်များ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂၅
အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA – S EAO) ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ)ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့တက်ရောက်ကြပြီး NCA – S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာမူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှငွေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒို စောအယ်ကလူစေး၊ ဆော်လမွန်၊ စောကျော်ညွန့်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြပြီး ကိုဗစ်–၁၉ကြောင့် အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် အဝေးရောက် ကိုယ်စားလှယ်များသည် Online Video Conferencing ဖြင့်တက်ရောက်သည်။

နှစ်ဖက် ညှိနှိုင်းအစည်းအဝေးတွင် ဇွန် ၂၃ ရက်၌ ဆွေးနွေးခဲ့ကြသည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ၊ ဖက်ဒရယ် လမ်းညွှန်အခြေခံမှုများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး မတိုင်မီ ကျင်းပမည့် အစည်းအဝေးအချိန်ဇယား၊ အခင်းအကျင်းတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များ ရယူခဲ့ကြသည်။



အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA – S EAO)၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးအပြီးတွင် NCA–S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် “(၈)ကြိမ်မြောက် JICM အစည်းအဝေး အကောင်အထည်ဖော်ရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)မှာ ထည့်သွင်းချုပ်ဆိုမယ့် အကြောင်းအရာတွေဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက် ၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဖက်ဒရယ် အခြေခံ သဘောတူညီမှုများကို ဒီအစည်းအဝေးမှာ နှစ်ဖက် ညှိနှိုင်းရေးအဖွဲ့တွေအကြား အကျေအလည် ဆွေးနွေးနိုင်ခဲ့ပါတယ်။ သဘောတူညီချက်တွေ ရရှိခဲ့သလို ဆက်လက် ညှိနှိုင်းရမယ့်အချက်တွေလည်း လာမယ့် ညှိနှိုင်းဆွေးနွေးပွဲတွေမှာ ဆက်လက်သယ်ဆောင် ဆွေးနွေးသွားဖို့လည်း ကျန်ပါတယ်။

“JICM နဲ့ UPDJC အစည်းအဝေး ကျင်းပမယ့် အချိန်ကာလကို သတ်မှတ်နိုင်ခဲ့သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးမတိုင်မီ ကျင်းပမယ့် အစည်းအဝေးများနဲ့ အစည်းအဝေးအချိန်ဇယားကို သတ်မှတ်နိုင်ခဲ့ပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါကာလ အခြေအနေအောက်မှာ ကျင်းပဖို့ရှိတဲ့ လာမယ့် (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေးဆိုင်ရာ အခင်းအကျင်းကိုလည်း သဘောတူနိုင်ပါတယ်။ ပဉ္စမအကြိမ် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့ရဲ့ဆွေးနွေးပွဲကို လာမယ့် ဇူလိုင် ၂၊ ၃၊ ၄ နေ့ရက်တွေမှာ ကျင်းပမှာ ဖြစ်ပါတယ်။ အဲ့ဒီအစည်းအဝေးမှာ ပြီးပြည့်စုံတဲ့ သဘောတူညီချက်တွေ ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာ စကားပြောကြားရာတွင် “ ဒီ သုံးရက်အတွင်းမှာ ကျွန်တော်တို့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက်အကောင်အထည်ဖော်မှုများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုတွေကို နှစ်ဖက်ဆွေးနွေးတင်ပြနိုင်ခဲ့တယ်။ အချက်အလက်တော်တော်များများကို သဘောတူညီမှုရရှိခဲ့သလို ဆက်လက်ဆွေးနွေးရမယ့် အချက်တွေလည်းရှိပါတယ်။ ကျွန်တော်တို့ နောက်တစ်ကြိမ် ကျင်းပမယ့် နှစ်ဖက်အလုပ်အဖွဲ့ အစည်းအဝေးမှာ ဆက်လက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအစည်းအဝေးကာလ အတွင်းမှာပဲ JMC–U အစည်းအဝေးကို ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့မှာ ကျင်းပဖို့ သတ်မှတ်နိုင်ခဲ့ပါတယ်။ အလားတူ ညီလာခံ ကျင်းပမယ့်ကာလကို ဩဂုတ်လဒုတိယပတ်မှာ ကျင်းပဖို့ လျာထားသတ်မှတ်နိုင်ပြီးတော့ ညီလာခံ တက်ရောက်မယ့် ဦးရေ၊ ကျင်းပမယ့် ပုံစံတွေ၊ ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်” ဟု ပြောကြားသည်။

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA – S EAO)၏ ပဉ္စမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို လာမည့် ဇူလိုင် ၂၊ ၃၊ ၄ ရက်တို့တွင် ဆက်လက်ကျင်းပ၍ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)ချုပ်ဆိုရာတွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များ ရယူနိုင်ရေး ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်သည်။

အစည်းအဝေးအပြီး ညနေပိုင်းတွင် အစိုးရနှင့် NCA–S EAO နှစ်ဖက်ကိုယ်စားလှယ်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ယနေ့ အစည်းအဝေးမှ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်း–ရဲခေါင်ညွှန့်၊ ဓာတ်ပုံ–ဖိုးထောင်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်အစုအဖွဲ့နှင့် NCA-S EAO ကိုယ်စားလှယ်တို့၏ ဆွေးနွေးမှုရလဒ်များ

ရန်ကုန် ဇွန် ၂၅
အစိုးရကိုယ်စားလှယ်အဖွဲ့(အစိုးရ၊ တပ်မတော်၊ လွှတ်တော်)နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAO) ကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေး၊ ညီလာခံတွင် အပိုင်းသုံးပိုင်းပါဝင်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေးတို့အတွက် ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍ အစိုးရကိုယ်စားလှယ် ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် NCA–S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဦးလှမောင်ရွှေ**
**ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်**

ဇွန် ၂၂ ရက်မှာ အစိုးရကိုယ်စားလှယ်တွေနဲ့ NCA–S EAO ကိုယ်စားလှယ်တို့ရဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ အလုပ်အဖွဲ့အစည်းအဝေးကို ရန်ကုန် NRPC မှာ စတင်ကျင်းပပါတယ်။ အဲဒီအစည်းအဝေးရဲ့ ရလဒ်ကတော့ တစ်နှစ်နဲ့ ၁၀ လကြာ ရပ်ဆိုင်းခဲ့ရတဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) အစည်းအဝေးကို ဇူလိုင် ၇ ရက်နဲ့ ၈ ရက်မှာ ပြန်လည်ကျင်းပဖို့ သဘောတူညီချက်ရခဲ့တယ်။

ဇွန် ၂၃ ရက်မှာတော့ အစိုးရကိုယ်စားလှယ်တွေနဲ့ NCA–S EAO ကိုယ်စားလှယ်အဖွဲ့တို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေး(JICM)မှာ ဆုံးဖြတ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပဖို့ကိစ္စရပ်တွေကို စတင်ဆွေးနွေးတယ်။ ဇွန် ၂၄ ရက်မှာတော့ သက်ဆိုင်ရာအစုအဖွဲ့တွေ သီးခြားစီပြန်ဆွေးနွေးတယ်။

ဒီနေ့ ၂၅ ရက်မှာတော့ ကျွန်တော်တို့အားလုံးစုံညီ ပြန်ပြီးဆွေးနွေးပါတယ်။ ဒီနေ့ကျွန်တော်တို့ ဆွေးနွေးတဲ့နေရာမှာ ညီလာခံမှာ စာချုပ်ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အတွက် အပိုင်းသုံးပိုင်းလုံးကို အစအဆုံး ဆွေးနွေးခဲ့ပါတယ်။ အစအဆုံးမှာတော့ ကျွန်တော်တို့ သဘောထားထပ်တူညီတဲ့အချက်တွေလည်းရှိတယ်။ ပြန်လည်ဆွေးနွေးရမယ့် အချို့အချက်တွေလည်းရှိပါတယ်။ ဆွေးနွေးပွဲသဘောသဘာဝအရ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးရတာ ဖြစ်ပါတယ်။



ဦးလှမောင်ရွှေ



ဦးမျိုးဝင်း

**ဆွေးနွေးမှုရလဒ်**

ဒီနေ့ဆွေးနွေးပွဲမှာ ထူးခြားချက်သုံးခုရှိပါတယ်။ နောက်တစ်ကြိမ် ဆွေးနွေးပွဲကို ရန်ကုန်မြို့ NRPC ရုံးမှာပဲ ဇူလိုင် ၂၊ ၃၊ ၄ ရက်တို့မှာ ဆွေးနွေးဖို့ရှိပါမယ်။ EAO ခေါင်းဆောင်တွေဘက်က ဒီလိုဆွေးနွေးပွဲ နှစ်ကြိမ်လောက် ပြုလုပ်သင့်တယ်လို့ အဆိုပြုထားတယ်။ ဒါပြီးရင်တော့ ဆွေးနွေးပွဲက ရလာတဲ့ ရလဒ်တွေကို JMC – M မှာ အစိုးရ၊ တပ်မတော်၊ EAO ခေါင်းဆောင်တွေ ပြန်လည်တင်ပြပြီးတော့ အတည်ပြုချက်တွေ ရယူဖို့ရှိတယ်။ အဲဒီနောက်မှာတော့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူး အစည်းအဝေးတွေ ကျင်းပပြီးတော့ UPDJC မှာ ဆက်လက်တင်ပြမယ်။ ဒါပြီးရင် ညီလာခံကိုကျင်းပဖို့ဖြစ်ပါတယ်။ ဒုတိယထူးခြားချက်က ဒီနေ့ညနေမှာ UPDJC နိုင်ငံရေးပါတီ အစုအဖွဲ့ဝင်ကို ဖိတ်ကြားပြီး ရှင်းလင်းတာ ဖြစ်ပါတယ်။ ရွေးကောက်ခံရတဲ့ နိုင်ငံရေးပါတီ ၂၄ ပါတီနဲ့ စုဖွဲ့ထားပြီး UPDJC အစုအဖွဲ့ဝင် ၁၆ ဦးရှိပါတယ်။ ၁၁ ဦးတက်ရောက်တယ်။ ကျန်တဲ့ သုံးဦးက Online ကနေ တက်ရောက်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်နေတာတွေရှင်းပြပြီး သူတို့ဘက်ကလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါတယ်။ လာမယ့် ဇူလိုင် ၂၊ ၃၊ ၄ ရက် အစည်းအဝေးတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေးဖို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။

**ဆက်လက်ဆွေးနွေးရန်ကျန်ရှိမှု**

အခုဆွေးနွေးတာ ကျွန်တော်တို့ လေးပိုင်းရှိပါတယ်။ ပြည်ထောင်စုသဘောတူ စာချုပ်ချုပ်ဆိုမယ့် အပိုင်းသုံးပိုင်းနဲ့ ညီလာခံကျင်းပဖို့ တစ်ပိုင်းဆိုပြီး လေးပိုင်းရှိပါတယ်။ အားလုံးနီးပါးလောက် သဘောထားစုစည်းမှုရပါတယ်။ စာချုပ်ချုပ်ဆိုမယ့် အပိုင်းသုံးပိုင်းမှာ တစ်ပိုင်းကတော့ အားလုံးလိုလို ဆွေးနွေးမှုပြီးပြတ်သလောက်ရှိပါတယ်။ ကျန်တဲ့နှစ်ပိုင်းကို ဆက်လက်ညှိနှိုင်းဆွေးနွေးရပါမယ်။

**ဦးမျိုးဝင်း**
**NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး**

ဇွန် ၂၃ ရက်ကနေ ဒီနေ့အထိဆွေးနွေးရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးအတွက် ကျွန်တော်တို့ လျာထားချက်တွေရခဲ့ပါတယ်။ တစ်ပိုင်းကတော့ ညီလာခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်တာပါ။ အခုဆိုရင် ညီလာခံ ကျင်းပမယ့်ရက်ကိုလည်း လျာထားသတ်မှတ်နိုင်ခဲ့ပါတယ်။ နောက်ထပ် ဩဂုတ်လ ဒုတိယပတ်ထဲမှာပဲ ညီလာခံကျင်းပဖို့ ဦးတည်ပြင်ဆင်ဖို့ ညှိနှိုင်းထားတဲ့ သဘောထားရရှိပါတယ်။ ညီလာခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်မယ့်အစည်းအဝေး အဆင့်ဆင့်တွေနဲ့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲတွေ ဆက်ရှိမယ်။ JICM အစည်းအဝေးတွေ ဆက်ရှိမယ်။ UPDJC အစည်းအဝေးရှိမယ်။ ပြီးရင် ညီလာခံ ဆက်ရှိမယ်။

**ညီလာခံကျင်းပမည့်ပုံစံ သတ်မှတ်နိုင်**

နိုင်ငံရေးဆွေးနွေးမယ့် အချိန်ဇယားကိုလည်း ကျွန်တော်တို့ သတ်မှတ်နိုင်ခဲ့တယ်။ ညီလာခံကျင်းပပုံကျင်းပနည်းပါ။ လာမယ့် ညီလာခံကို ကိုဗစ်–၁၉ ရောဂါ အခြေအနေကြောင့် ဘယ်လိုပုံစံကျင်းပမလဲ။ ကျန်းမာရေးအခြေအနေနဲ့အညီ ကိုယ်စားလှယ်တွေ ဘယ်လိုလာရောက်ရမလဲဆိုတာ သတ်မှတ်နိုင်ခဲ့တယ်။ နောက်တစ်ပိုင်းကတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို ချုပ်ဆိုနိုင်ရေးအတွက် အစိတ်အပိုင်း(၃)ရဲ့ အပိုင်း(၁)ဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ဆိုရင် အချို့သဘောတူညီချက်တွေရရှိခဲ့တယ်။ နောက် ၂၀၂၀ အလွန်မှာ ဆက်လက်ဆွေးနွေးမယ့် အဆင့်လိုက်လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ဇယား(၁)ကိုလည်း ကျွန်တော်တို့ ရရှိဆွေးနွေးခဲ့ပါတယ်။ ကျန်တာတွေကတော့ နှစ်ဖက်သဘောထားတွေကို အဆိုပြုခဲ့တယ်။ လာမယ့်ဆွေးနွေးပွဲမှာ နှစ်ဖက်သဘောထား အဆိုပြုချက်နဲ့ ကျန်ရှိနေတဲ့အပိုင်းတွေကို ကျွန်တော်တို့ ဆက်လက်ဆွေးနွေးသွားမှာပါ။

တွေ့ဆုံမေးမြန်း–ရဲခေါင်ညွှန့်
ဓာတ်ပုံ–ဖိုးထောင်

# အနောက်ဘက်ကမ်းအား တိုက်ခိုက်သိမ်းပိုက်မည့် အစ္စရေး၏အစီအစဉ်ရုပ်သိမ်းရန် ကုလသမဂ္ဂ တောင်းဆို



**ဂျေရုဆလင် ဇွန် ၂၅**

အနောက်ဘက်ကမ်းတွင် တည်ရှိသည့် ဂျူးအခြေချနေရာများကို တိုက်ခိုက်သိမ်းပိုက်မည့် အစ္စရေး၏ အစီအစဉ်ကို ရုပ်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုခဲ့သည်။

အစ္စရေးအနေဖြင့် ၎င်း၏ အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါက ယင်းတိုက်ခိုက်သိမ်းပိုက်မှုသည် နိုင်ငံတကာဥပဒေကို ဆိုးရွားစွာ ချိုးဖောက်ရာရောက်မည်ဖြစ်ကြောင်း အန်တိုနီယိုဂူတာရက်စ်က ယမန်နေ့တွင် ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဇန်နဝါရီလအတွင်း ကြေညာခဲ့သည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်အရ ဇူလိုင် ၁ ရက်တွင် အနောက်ဘက်ကမ်းအား တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်ခဲ့သည်။ ပါလက်စတိုင်းတို့ကမူ အဆိုပါအစီအစဉ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။

အစ္စရေးနိုင်ငံက စီစဉ်ထားသည့် တိုက်ခိုက်သိမ်းပိုက်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတချို့က ဆန့်ကျင်ကန့်ကွက်ကြောင်း ပြောကြားခဲ့ပြီး အစ္စရေး၏ အစီအစဉ်က အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးဖြစ်စဉ်ကို အချိန်ကြာမြင့်သွားစေနိုင်ကြောင်းနှင့် ဒေသတွင်းအခြေအနေသည်လည်း မတည်မငြိမ်ဖြစ်သွားစေနိုင်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာရန် ဘရာဇီးသမ္မတအား တရားရုံးက အမိန့်ထုတ်ပြန်

**ဘရာဇီးလီးယား ဇွန် ၂၅**

ဘရာဇီးနိုင်ငံရှိ တရားရုံးတစ်ခုက သမ္မတ ဘော်ဆိုနာရိုအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာရန်နှင့် ပြည်သူများနှင့်တွေ့ဆုံရာတွင် နှာခေါင်းစည်းဝတ်ဆင်ပြီးမှ တွေ့ဆုံရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတ ဘော်ဆိုနာရိုအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာခြင်းမရှိပါက အမေရိကန်ဒေါ်လာ ၃၉၀ ဝန်းကျင် ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်ဟု အဆိုပါအမိန့်စာတွင် ပါရှိသည်။

သမ္မတ ဘော်ဆိုနာရိုသည် ကိုဗစ်-၁၉ ရောဂါ စတင်ပျံ့နှံ့ခဲ့သည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအပေါ် အလေးထားမှုလုံးဝမရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကို သာမန်အအေးမိရောဂါတစ်ခုအဖြစ်သာ ရှုမြင်လျက်ရှိသည်။ ထို့ကြောင့် ယင်းအားထောက်ခံသည့် ပြည်သူများနှင့် တွေ့ဆုံရာတွင် မကြာခဏဆိုသလို နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ တွေ့ဆုံလေ့ရှိသည်။

**ဒုတိယမြောက် ဗိုင်းရပ်စ်ကူးစက်မှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်**

လက်ရှိအချိန်တွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအရေအတွက် ဆက်လက်မြင့်မားလျက်ရှိသည်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၁ ဒသမ ၁၄ သန်းရှိပြီး သေဆုံးသူ ၅၂၀၀၀ ကျော်ရှိကြောင်း အမေရိကန်နိုင်ငံ၏ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စစ်တမ်းများအရ သိရသည်။ ထို့ပြင် ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးနိုင်ငံများစာရင်းတွင် ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယမြောက် ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

## ဩစတြေးလျ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားမည်

**မဲလ်ဘုန်း ဇွန် ၂၅**

ဩစတြေးလျနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တားဆီးသည့်အနေဖြင့် မဲလ်ဘုန်းမြို့တွင် တပ်ဖွဲ့ဝင် ၁၀၀၀ ကို ဖြန့်ကြက်ထားမည်ဟု ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာနမှ ယနေ့ ကြေညာခဲ့သည်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းဖြစ်ပေါ်လာမည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း သိရသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်ခဲ့၍ လွန်ခဲ့သည့် ရက်သတ္တပတ်က ရောဂါကူးစက်ခံရသူ ၁၅၀ ကို တွေ့ရှိခဲ့ပြီး မဲလ်ဘုန်းတွင်လည်း ကူးစက်မှုများ ဖြစ်ပွားခဲ့သည်။

မကြာမီရက်များအတွင်း တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ကို ဗစ်တိုးရီးယားတွင် တပ်စွဲထားမည်ဟု ကာကွယ်ရေးဝန်ကြီး လင်ဒါရေးနိုးက ပြောကြားသည်။ ဩစတြေးလျ တပ်ဖွဲ့ဝင် ၈၅၀ ခန့်ကို နိုင်ငံတကာမှ ရောက်ရှိလာသော ခရီးသည်များအား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်ရာတွင် တာဝန်ချထားမည်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ရောဂါစစ်ဆေးရေးဌာနများ၌ စာရင်းအင်းနှင့် ဆေးဘက်ဆိုင်ရာ အကူအညီများပေးရန် အခြားတပ်ဖွဲ့ဝင် ၂၀၀ ခန့်အား တာဝန်ပေးသွားမည်ဟု ၎င်းက ပြောကြားသည်။

ဩစတြေးလျ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်နယ်များ၏ နယ်စပ်များအား ပိတ်ဆို့ကာကွယ်ထားပြီး ကျန်းမာရေးနှင့် အရေးပေါ်ကုသရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများပြားသည့် ဆင်ခြေဖုံးဒေသများတွင် ရောဂါစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဗစ်တိုးရီးယားပြည်နယ်ဝန်ကြီးချုပ် ဒန်နီရယ်အင်ဒရူးက ပြောကြားသည်။

ဩစတြေးလျတွင် အသက် ၈၅ နှစ်အရွယ်ရှိ လူတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ဖြင့် သေဆုံးခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သေဆုံးမှုများ မြင့်တက်လာခဲ့သည်။ လူဦးရေ ၂၅ သန်းရှိသော ဩစတြေးလျတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ ၇၅၀၀ ရှိပြီး သေဆုံးသူ ၁၀၄ ဦးရှိသည်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးကို ဆောင်ရွက်နေပြီး ပြည်နယ်များတွင် စီးပွားရေးများ ပြန်လည်စတင်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းများကို ရုပ်သိမ်းရန် ဆောင်ရွက်နေသော်လည်း နယ်စပ်ဒေသများကို ပိတ်ထားဆဲဖြစ်သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-စိုးသူရ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ - ၉၅၆၆၁၂၇ ဦး

သေဆုံးသူ - ၄၈၅၇၀၄ ဦး

ပြန်လည်ကျန်းမာလာသူ - ၅၂၀၇၈၂၉ ဦး

## ကိုဗစ်-၁၉ ရောဂါမရှိသော မိဘများမှ မွေးဖွားသည့် သုံးမြွှာပူးကလေးများတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိ

**မက္ကဆီကိုစီးတီး ဇွန် ၂၅**

မိဘနှစ်ပါး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိသော်လည်း မွေးဖွားလာသည့် သုံးမြွှာပူးကလေးများတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုနှင့်ပတ်သက်၍ အဖြေသိရှိနိုင်ရန် မက္ကဆီကို ကျန်းမာရေးအာဏာပိုင်များက ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဆန်လူးစ်ပိုတိုစီပြည်နယ်၌ မိန်းကလေးတစ်ဦးနှင့် ယောက်ျားလေး နှစ်ဦးပါဝင်သော သုံးမြွှာပူးကလေးမွေးဖွားခဲ့ပြီးနောက် ၄ နာရီခန့်အကြာမှ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခဲ့ရာ အဆိုပါကလေးသုံးဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း မက္ကဆီကို ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကလေးများ၏ မိခင်ဖြစ်သူတွင် ကိုဗစ်-၁၉ ရောဂါရှိမည်ဟု သံသယရှိပြီး စမ်းသပ်စစ်ဆေးခဲ့ရာ မိခင်ဖြစ်သူမှာရော ဖခင်ဖြစ်သူမှာပါ ကိုဗစ်-၁၉ ရောဂါပိုးမရှိသည်ကို တွေ့ခဲ့ကြောင်း၊ ဤဖြစ်စဉ်သည် မကြုံစဖူးသော ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီး မော်နီကားရာငယ်လ်က ပြောကြားသည်။

ဇွန် ၁၇ ရက်က မွေးဖွားသည့် သုံးမြွှာပူးကလေးသုံးဦးအနက် နှစ်ဦးသည် ကျန်းမာရေးကောင်းမွန်လာပြီး ၎င်းတို့မှာ ကိုဗစ်-၁၉ ရောဂါ လက္ခဏာလည်း မရှိတော့ကြောင်း၊ သို့သော် ကျန်ကလေးတစ်ဦးသည် အဆုတ်ရောင်ရောဂါရှိပြီး ၎င်း၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း ကလေးများကို ဆေးဝါးကုသပေးလျက်ရှိသော ဆရာဝန်များက ပြောကြားသည်။ အဆိုပါကလေးများကို ဆေးရုံ၌ထားရှိပြီး ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှုကို ဆက်လက်ခံယူရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

လက်ရှိအချိန်တွင် မက္ကဆီကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၀၀၀၀ ကျော်ရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၃၇၇ ရှိလာကာ ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ သတ္တမအဆိုးဆုံး ထိခိုက်ခံစားနေရသည့် နိုင်ငံဖြစ်လာကြောင်း သိရသည်။

ကိုးကား - ဟိန္ဒူစတန်တိုင်းမ်
ဘာသာပြန် - ဂျေတီ

# ဩစတြေးလျကွန်တက်လေကြောင်းလိုင်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်အကိုင် ၆၀၀၀ လျှော့ချမည်

**ဆစ်ဒနီ ဇွန် ၂၅**
ဩစတြေးလျကွန်တက်လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကျော်လွှားနိုင်ရေးအတွက် လေကြောင်းလိုင်း၏ အစီအစဉ်များအနက်မှ တစ်စိတ်တစ်ဒေသအဖြစ် အလုပ်အကိုင် ၆၀၀၀ လျှော့ချသွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းက ပြောကြားခဲ့သည်။

ယင်းလျှော့ချမည့်ပမာဏသည် ကွန်တက်လေကြောင်းလိုင်းမှ အလုပ်သမားအင်အား၏ ငါးပုံပုံတစ်ပုံနှင့် ညီမျှပြီး မတ်လအတွင်းကလည်း ကွန်တက်လေကြောင်းလိုင်းက ၎င်း၏ဝန်ထမ်းများအနက် ၈၀ ရာခိုင်နှုန်းကျော်ကို လုပ်ငန်းခွင်မှ ယာယီအနားပေးခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ လေကြောင်းခရီးစဉ်များ ပြိုလဲခဲ့ရခြင်းကြောင့် ဝင်ငွေဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ဩစတြေးလျအမျိုးသားလေကြောင်းလိုင်းက ပြောကြားခဲ့သည်။ ဩစတြေးလျအစိုးရကလည်း နယ်စပ်ဒေသများကို လာမည့်နှစ်အထိ ဆက်လက်ပိတ်ထားရန်ရှိကြောင်း ပြီးခဲ့သည့်တစ်ပတ်က ပြောကြားခဲ့သည်။



ဩစတြေးလျ ကွန်တက်လေကြောင်းလိုင်းသည် နယူးဇီလန်သို့ ပြေးဆွဲပျံသန်းနေသည့် လေကြောင်းလိုင်းများမှလွဲ၍ အခြားနိုင်ငံတကာလေကြောင်း ပြေးဆွဲပျံသန်းမှုများအားလုံးကို အောက်တိုဘာလနောက်ပိုင်းအထိ ရပ်နားထားရန် စီစဉ်ထားသည်။ လာမည့်သုံးနှစ်တာကာလအတွင်း ဝင်ငွေအနည်းအကျဉ်းမျှသာရရှိမည်ဟု ကွန်တက်လေကြောင်းလိုင်းက မျှော်လင့်ထားကြောင်း ယင်းလေကြောင်းလိုင်း၏ အကြီးအကဲ အလန်းဂျွိုင်စီက ဇွန် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

မိမိတို့မဖြစ်မနေလုပ်ရမည့် လုပ်ဆောင်ချက်များကြောင့် ဩစတြေးလျပြည်သူ ထောင်ပေါင်းများစွာအပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှုတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းလည်း ကြေညာချက်တစ်စောင်တွင် အကြီးအကဲ အလန်းဂျွိုင်စီက ပြောကြားခဲ့သည်။

ကွန်တက်လေကြောင်းလိုင်းနှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် ဂျက်စတားလေကြောင်းလိုင်းတို့သည် အလုပ်သမား ၁၅၀၀၀ ခန့်ကို အလုပ်မှ ဆက်လက်အနားပေးသွားရန်ရှိကြောင်း မစ္စတာဂျွိုင်စီက ဆက်လက်ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံသည် အခြားသောနိုင်ငံများထက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းများ အပြည့်အဝပြန်လည်လည်ပတ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ **ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – အလင်းသစ်**

# ရုရှား၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒမဲများစတင်ပေး

**မော်စကို ဇွန် ၂၅**
ရုရှားပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒမဲများကို ယနေ့ စတင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုတွင် သမ္မတပူတင် အနေဖြင့် သမ္မတရွေးကောက်ပွဲတွင် ငါးကြိမ်မြောက် ထပ်မံရွေးကောက်ခံနိုင်ခွင့်ရှိသည့် ဥပဒေစည်းမျဉ်းများလည်း ပါဝင်သည်။

ရုရှားပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆန္ဒမဲပေးမှုများကို ဇူလိုင် ၁ ရက်နေ့အထိ ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်မူကြမ်းကို သမ္မတပူတင်က ဇန်နဝါရီလတွင် အဆိုပြုခဲ့သည်။ အဆိုပါပြင်ဆင်ချက်မူကြမ်းတွင် ၂၀၂၄ ခုနှစ်တွင် သမ္မတရာထူးအာဏာ ကုန်ဆုံးပြီးနောက် လာမည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတပူတင်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

ယမန်နေ့က ကျင်းပခဲ့သော စစ်ရေးပြအခမ်းအနား၌ အမျိုးသားစည်းလုံးညီညွတ်မှုရှိရေးအတွက် သမ္မတပူတင်က ရုရှားပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုသည် ရုရှားနိုင်ငံ၏ စီးပွားရေးကို ဆိုးရွားစွာထိခိုက်လျက်ရှိသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆန္ဒမဲပေးမှုမစတင်မီရက်အနည်းငယ်မှစပြီး ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို သမ္မတပူတင်က ဖြေလျှော့ပေးခဲ့သည်။ ထို့ပြင် ပြည်သူများ၏ စီးပွားရေး အကျပ်အတည်းများကို ပြေလည်စေရန်ရည်ရွယ်ပြီး မော်စကိုမြို့ရှိ စားသောက်ဆိုင်များကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နီပေါ၌ ကျန်းမာရေးလုပ်သား ၁၄ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ခတ္တမန္ဒူ ဇွန် ၂၅**
နီပေါနိုင်ငံ၌ ဆရာဝန်များနှင့် သူနာပြုများအပါအဝင် ကျန်းမာရေးလုပ်သား ၁၄ ဦးနှင့် နီပေါတပ်မတော်နှင့် နီပေါရဲတပ်ဖွဲ့တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း နီပေါကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

"ဒီကျန်းမာရေးလုပ်သားတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတဲ့လူနာတွေနဲ့ တစ်နည်းနည်းနဲ့ ထိတွေ့ဆက်ဆံခဲ့တဲ့အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတာပါ"ဟု နီပေါကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆမီးရ်ကူမာအာဒီကာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဇွန် ၂၄ ရက်အထိ နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၇၂၈ ဦးရှိပြီး၊ သေဆုံးသူပေါင်း ၂၄ ဦး ရှိကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ယခင်က ကိုဗစ်-၁၉ ရောဂါကြောင့် နီပေါကျန်းမာရေးလုပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးမှုတစ်စုံတစ်ရာမျှ မရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာများကို ကျန်းမာရေးလုပ်သားများက ဆေးဝါးကုသပေးရန် လိုအပ်သလို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း စောင့်ကြည့်ရေးစခန်းများနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ အလောင်းများ မြှုပ်နှံရေးတွင် ပါဝင်လုပ်ကိုင်နေကြသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းဖြစ်ကြောင်း အာဒီကာရီက ရှင်းလင်းပြောကြားသည်။

နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ အများစုကို စောင့်ကြည့်ရေးစခန်းများ၌ စောင့်ကြည့်မှုခံယူနေသောလူများတွင် တွေ့ရှိခဲ့ကြောင်း၊ သို့သော် နီပေါအစိုးရသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမျက်နှာစာ၌ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးလုပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းမှ အကာအကွယ်ပေးရန် လိုအပ်သောအစီအမံများကို လုပ်ဆောင်ပေးထားကြောင်း သိရသည်။

နီပေါကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာများအား ဆေးဝါးကုသမှုတွင် ပါဝင်သည့် ဆေးဘက်ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာရန် လမ်းညွှန်ချက်ကို ပြီးခဲ့သည့်လက ထုတ်ပြန်ခဲ့သည်။ အဆိုပါ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဆေးရုံများသည် ကျန်းမာရေးလုပ်သားများအတွက် ကာကွယ်ရေးဝတ်စုံများနှင့် အခြားကာကွယ်ရေးကိရိယာများကို စီစဉ်ပေးထားရမည်ဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ လိုအပ်သော အခြားအစီအမံများကိုလည်း စီစဉ်ပေးထားရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# အမေရိကန်နိုင်ငံလုပ် ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူမည့်အစီအစဉ် ဖျက်သိမ်းကြောင်း ဂျပန် အတည်ပြု

**တိုကျို ဇွန် ၂၅**
ဒေါ်လာဘီလီယံများစွာကုန်ကျမည့် အမေရိကန်လုပ်ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းကြောင်း ဂျပန်အစိုးရက ယနေ့ အတည်ပြုလိုက်သည်။

ဒုံးကျည်ကာကွယ်ရေးစနစ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့်ပတ်သက်၍ စိုးရိမ်နေကြသည့် ဒေသခံများ၏ ဖိအားပေးမှုကြောင့် ဂျပန်အစိုးရက အစီအစဉ်ကို နောက်ဆုတ်ခဲ့ခြင်း ဖြစ်သည်။ "အမျိုးသားလုံခြုံရေးကောင်စီက ဒီကိစ္စကို ဆွေးနွေးခဲ့ပြီး အာကီတာနဲ့ ယာမာဂူချီမှာဖြန့်ကြက်မယ့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပယ်ဖျက်ဖို့ သဘောတူခဲ့ပါတယ်"ဟု အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ အစည်းအဝေးတစ်ခု၌ ကာကွယ်ရေးဝန်ကြီး တာရိုကာနိုက ပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့သည့် အေးဂျစ်ဒုံးကျည် ကာကွယ်ရေးစနစ်မှာ ဆယ်စုနှစ်သုံးခုအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံအထိ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ အဆိုပါဒုံးကျည် ကာကွယ်ရေးစနစ် ဝယ်ယူမှုကို မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ပစ်လွှတ်မှုများ ပြုလုပ်ပြီးနောက် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြှင့်တင်မည့်ကြိုးပမ်းမှုအဖြစ် သို့မဟုတ် အမေရိကန်နိုင်ငံနှင့် နီးကပ်သော ဆက်ဆံရေးတိုးမြှင့်မည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ထားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စစ်ဘက်ဆိုင်ရာ ကိရိယာများ အပါအဝင် အမေရိကန်ထုတ်ကုန်များ ပိုမိုဝယ်ယူကြရန် မဟာမိတ်များကို တွန်းအားပေးခဲ့သည်။

အေးဂျစ် ဒုံးကျည်ကာကွယ်ရေးစနစ်နေရာတွင် အစားထိုးရွေးချယ်မှုများပြုလုပ်ရန် အစိုးရက သန္နိဋ္ဌာန်ချထားကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြီးခဲ့သည့်အပတ်တွင် ပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# တရုတ်နိုင်ငံ၌ တစ်ရက်လျှင် ပြည်သူ ၃ ဒသမ ၇၈ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးလျက်ရှိ

**ပေကျင်း ဇွန် ၂၅**
တရုတ်နိုင်ငံတွင် တစ်ရက်တာအတွင်း ပြည်သူ ၃ ဒသမ ၇၈ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါရှိမရှိ ဆေးစစ်မှုများ ပြုလုပ်လျက်ရှိသည်ဟု ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားခဲ့သည်။

**ထပ်မံတွေ့ရှိ**

လက်ရှိအချိန် ဆေးစစ်နိုင်သည့်ပမာဏသည် မတ်လအစောပိုင်းက ဆေးစစ်မှုပြုလုပ်ခဲ့သည့် ၁ ဒသမ ၂၆ သန်း ပမာဏထက် သုံးဆသာလွန်လျက်ရှိကြောင်း တွေ့ရှိရသည်။ ဇွန်လအစောပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ထပ်မံ တွေ့ရှိခဲ့သည်ဟု တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ဆိုသည်။ ပင်လယ်စာများရောင်းချသော ဈေးတစ်ခုမှ အစပြုကာ ဇွန် ၁၁ ရက်မှစပြီး ဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၅၀ ကျော် ထပ်မံတွေ့ရှိခဲ့သည်။

ဇွန် ၂၂ ရက်အထိ နိုင်ငံအတွင်း၌ ပြည်သူ သန်း ၉၀ ခန့်ကို ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ ဆေးစစ်မှုများပြုလုပ်ခဲ့ပြီး ဖြစ်သည်ဟု တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် တာဝန်ရှိသူ ဂွန်ယန်ဟောင်က ဆိုသည်။

**ဆော်ဩထား**

ပေကျင်းမြို့တွင် ဗိုင်းရပ်စ်ပိုးရှိ၊မရှိ ဆေးစစ်မှုခံယူပြီး သည့် ပြည်သူပေါင်း ၂ ဒသမ ၃ သန်းရှိပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများအပါအဝင် အကြောင်းအမျိုးမျိုး ကြောင့် မြို့တော်၏ ပြင်ပရောက်ရှိနေသူများကိုလည်း လာရောက်ဆေးစစ်မှုများခံယူရန် အာဏာပိုင်များက ဆော်ဩထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မြန်မာအမျိုးသမီးများအား ပြည်ပနိုင်ငံများသို့ ပို့ဆောင်ရောင်းစားသူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၅**

မြန်မာအမျိုးသမီးများအား နိုင်ငံခြားတိုင်းပြည်များသို့ ပို့ဆောင်ရန် ကြံစည်ခြင်း၊ ရောင်းစားခြင်း ပြုလုပ်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ငမဲအိုင်ကျေးရွာနေ ဌေးဝင်းနှင့် အစ်ကိုဖြစ်သူ လှဝင်းသန်း (တိမ်းရှောင်)တို့သည် ကွက်သစ်ကလေးကျေးရွာနေ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦး၊ ငမဲအိုင်ကျေးရွာနေ အမျိုးသားနှစ်ဦးတို့အား ထိုင်းနိုင်ငံတွင် တရားဝင် အလုပ်လုပ်ကိုင်ရမည်ဟု လိမ်လည်စည်းရုံး၍ တရားမဝင်ပို့ဆောင်ပေးခဲ့ပြီး လုပ်အားခများအား ခေါင်းပုံဖြတ်ရယူခဲ့မှုအတွက် တလုတ္တော်နယ်မြေရဲစခန်းက (ပ)၆၄၆/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၂၅/၃၂ ဖြင့် အမှုဖွင့်ခဲ့ပြီး ဟင်္သာတခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၃ ရက်တွင် ဌေးဝင်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ပုဒ်မ ၂၅ အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်အား တစ်ပေါင်းတည်း ချမှတ်ခဲ့ပြီး တိမ်းရှောင်ထွက်ပြေးသူအား တရားခံပြေးအဖြစ် ကြေညာခဲ့သည်။

အလားတူ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာနေ မသျှား(ခ) လဝိန်ခေါန်ညွယ်သည် အောင်မြေ(၁)ကျေးရွာနေ မိန်းကလေးငယ်တစ်ဦးအား တရုတ်နိုင်ငံ ရွှေလီမြို့ရှိ စျေးဆိုင်တစ်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး စွန်းဖုန်းမြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့မှုအတွက် ဝိုင်းမော်မြို့မရဲစခန်းက (ပ) ၁၄၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ခဲ့ပြီး မြစ်ကြီးနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၃ ရက်တွင် မသျှား(ခ) လဝိန်ခေါန်ညွယ်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ် သီပေါမြို့နေ မဇေနန်း၊ ဒေါ်နီနီလွင်နှင့် ဒေါ်အေးစန်းတို့က တစ်မြို့တည်းနေ မိန်းကလေးငယ်နှစ်ဦးတို့အား တရုတ်ပြည်တွင် အငှားကိုယ်ဝန်ဆောင်ပါက တစ်လ ကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၀ လအတွက် ကျပ်သိန်း ၁၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ သီပေါမြို့မှ မူဆယ်မြို့သို့ ခေါ်ဆောင်လာခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုအား မူဆယ်မြို့မရဲစခန်းက (ပ) ၆၂၄/၂၀၁၈၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ဒေါ်ဇေနန်း၊ ဒေါ်နီနီလွင်နှင့် မအေးစန်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နေ ဒေါ်ရန်ဟွေရှူး (ခ)ရန်ဝေ၊ ဒေါ်လောက်ရှင် (ခ)အားချွမ်းနှင့် သိန်းနီမြို့နေ ဒေါ်ရန်ချိုင်(ခ)ရန်ဆိုက်တို့သည် ကွတ်ခိုင်မြို့နယ် ဟိုနားကျေးရွာနေ မိန်းကလေးငယ်တစ်ဦးအား တရုတ်နိုင်ငံရှိ ထမင်းဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးခေါ်ဆောင်၍ တရုတ်နိုင်ငံ အန်းဟွေးပြည်နယ် အန်းဟွေးရှန်မြို့ ဟွမ်ချောက်တာတွေ့ရွာနေ တရုတ်အမျိုးသား ဝမ်ထင့်ထင့် ဆိုသူထံ ရောင်းစားခဲ့မှုအတွက် ကွတ်ခိုင်မြို့မရဲစခန်းက (ပ)၃၈/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က)ဖြင့် အမှုဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၄ ရက်တွင် ဒေါ်ရန်ဟွေရှူး (ခ)ရန်ဝေနှင့် ဒေါ်ရန်ချိုင် (ခ)ရန်ဆိုက်တို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီနှင့် ဒေါ်လောက်ရှင် (ခ)အားချွမ်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၈ (က)/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ သုံးလောင်းပြိုင်လူသတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ သုံးလောင်းပြိုင် လူသတ်မှုကျူးလွန်သူ လေးဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထားဝယ်မြို့ ကျောက်မော်ရပ်ကွက်နေ ဒေါ်ခင်စန်းညိုသည် ဇွန် ၁၃ ရက် ညနေပိုင်းတွင် ၎င်း၏သား မီးရထားလမ်းမိုင်တိုင်အမှတ် (၂၃/၄)တွင် ရထားသံလမ်းဂိတ်စောင့် အောင်ကျော်ထွန်း (ခ)ဖိုးလပြည့်အား ဖုန်းအကြိမ်ကြိမ်ခေါ်ဆိုသော်လည်း မကိုင်သဖြင့် ရထားသံလမ်းဂိတ်အနီးရှိ ၎င်းတို့နေအိမ်သို့ သွားရောက်ကြည့်ရှုရာ သားဖြစ်သူ အောင်ကျော်ထွန်း(ခ)ဖိုးလပြည့်၊ ဇနီး မခင်ဖြိုးဝေ၊ သား မောင်စုစု တစ်နှစ်ကျော်ခန့်တို့ သုံးဦးမှာ နေအိမ်အတွင်း ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိတိုင်တန်းသဖြင့် ရေဖြူမြို့မရဲစခန်းက (ပ)၂၈/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူထားရှိခဲ့ကြောင်း။

အမှုနှင့်ပတ်သက်၍ ထားဝယ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ရာ တယ်လီဖုန်းဆက်သွယ်မှုများမှတစ်ဆင့် မသင်္ကာသူအား ခြေရာခံမိခဲ့ပြီး ဆက်လက်စုံစမ်း စိစစ်ချက်များအရ အောင်ကျော်ထွန်း(ခ)ဖိုးလပြည့်သည် ၎င်းအိမ်၌ မူးယစ်ဆေးဝါးရောင်းချကြောင်း၊ လူသတ်မှုကျူးလွန်သူ ဥသဍ်ကျေးရွာနေ ကျော်မင်းထွန်းနှင့် ဝိုင်ကေတို့ နှစ်ဦးသည် ယခင်ရက်က သေဆုံးသူထံသို့ မူးယစ်ဆေးဝါးသွားရောက်ဝယ်ယူခဲ့ကြောင်း၊ ငွေပေးချေရန် မရှိသဖြင့် ၎င်းတို့နှစ်ဦး၏ သူငယ်ချင်းဖြစ်သည့် ဥသဍ်ကျေးရွာနေသူ ဇော်လင်းထံမှ ငှားရမ်းကိုင်ဆောင်လာသည့် တယ်လီဖုန်းအား အပေါင်ထားခဲ့ကြောင်း၊ အခင်းဖြစ်နေ့တွင် ဇော်လင်းက ၎င်း၏ ဖုန်းအား ပြန်တောင်းသဖြင့် ကျော်မင်းထွန်းနှင့် ဝိုင်ကေတို့က သေဆုံးသူ၏ နေအိမ်သို့သွားရောက်ပြီး ဖုန်းအား ပြန်လည်တောင်းယူစဉ် အဆင်မပြေစကားများ ရန်ဖြစ်ရာမှ ၎င်းတို့နှစ်ဦးက အသင့်ပါလာသည့် သစ်သားရိုးတပ်ငါးမန်းစွယ်များပါ ဓားဦးချွန်ဖြင့် အောင်ကျော်ထွန်း(ခ) ဖိုးလပြည့်တို့ မိသားစု သုံးဦးအား သတ်ဖြတ်ခဲ့ကြောင်း၊ အခင်းဖြစ်ပြီးနောက် လူသတ်ရာတွင် အသုံးပြုခဲ့သော သက်သေခံဓားအား ဥသဍ်ကျေးရွာနေ သိန်းသန်းဝင်းက ဖျောက်ဖျက်ဝှက်သိမ်းပေးခြင်း၊ ဖုန်းပိုင်ရှင် ဇော်လင်းကလည်း ၎င်း၏ဖုန်းအား ဖျောက်ဖျက်ထားပေးခြင်းတို့ကို ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရေဖြူမြို့နယ် ဥသဍ်ကျေးရွာနေသူများဖြစ်ကြသည့် ကျော်မင်းထွန်း၊ ဝိုင်ကေ၊ သိန်းသန်းဝင်းနှင့် ဇော်လင်းတို့ လေးဦးအား အမှုဖြင့် ဖမ်းဆီးခဲ့ပြီး သက်သေခံ ဓားဦးချွန်နှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၅**

သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်ကော်မြို့နယ် ထေးသမရပ်ကွက်အတွင်းမှ ရပ်တန့်ထားသော မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသားတစ်တန်၊ ပန်းတောင်းမြို့နယ် ကြိုးပြင်ခုတ်ကွက်(၁၂၉)အတွင်း ညောင်ခြေထောက်ရွာအနီးမှ တရားမဝင် ကျွန်းခွဲသား ၁၃ တန်၊ ကြိုးပြင်ခုတ်ကွက်အမှတ် (၁၄၀)အတွင်း ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် (၁၀၂/၄)နှင့် (၁၀၂/၆)အနီးမှ တရားမဝင်ကျွန်းခွဲသား ၂၂ တန်၊ ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်းအကွက်အမှတ်(၁၁၊ ၁၃)အတွင်း တရားမဝင်ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ ရုံးခွဲသား ခုနစ်တန်၊ အုတ်တွင်း-ပေါက်ခေါင်းကားလမ်း မိုင်တိုင် (၁၀၆/၂)အနီး ဘုန်းတောင်ကြိုးဝိုင်းအကွက်အမှတ်(၅၁)အတွင်း မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်းခွဲသား/ခွဲခြမ်း ၅ ဒသမ ၅၃၃၂ တန် မုံရွာမြို့နယ် စစ်ပင်ရပ်ကွက် အလုံဘူတာအနီးလမ်းပေါ်ရှိ မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးရာ အင်သစ် လေးတန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု ထီတခေါ့ကျေးရွာအနီးမှ တရားမဝင် ကျွန်းခွဲသား၊ ကျွန်းတံခါးချပ်၊ အင်ခွဲသား ၁၇ တန်ခန့်၊ မော်တော်ယာဉ် သုံးစီးပေါ်မှ ပြစ်မှုကျူးလွန်သူ ငါးဦး၊ ကွန်ဟိန်းမြို့ရှောင်လမ်း ဟိုကျယ်ကျေးရွာအနီးနေရာ၌ မော်တော်ယာဉ်ပေါ်မှ တရားမဝင် ကျွန်းတံခါးရွက်ဆိုဒ်စုံ ၄၁ ချပ် (တစ်တန်)နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ဆိပ်ဖြူ-ဆောကားလမ်း၊ မိုင်တိုင်(၃၄/၀)အနီး မော်တော်ယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား နှစ်တန်၊ ပြစ်မှုကျူးလွန်သူနှစ်ဦး၊ မုံရွာမြို့နယ် ဦးသာဘုံကိုင်းကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းဝါးဖောင်အတွင်းမှ တရားမဝင် ကျွန်း၊ အင်၊ သပြေ၊ လောက်ယားသစ်/ခွဲသား ရှစ်တန်နှင့် တပင်ဝါး ၁၃၀၀၊ ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိ၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**




# ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်းနွယ်ချောင်းများ ဖမ်းဆီးရမိ

**ကသာ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မစခန်းမှ ဒုရဲအုပ်သန်းဗိုလ်နှင့်အဖွဲ့၊ သစ်တောဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၂၄ ရက် နံနက် ၂ နာရီခန့်က ကောလင်း-ကိုးတောင်ဘို့သွားကားလမ်း ဆိုင်ဒူးဂိတ်တောင်ဘက် နှစ်ဖာလုံခန့်အကွာတွင် စောင့်ဆိုင်းနေစဉ် ပင်လည်ဘူးမြို့နယ်မှ ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာသို့ အောင်မင်းဇော် မောင်းနှင်ပြီး ပိုင်ဇင်လင်းထွန်းနှင့် အောင်ဖြိုးဝေတို့ လိုက်ပါလာသော ခြောက်ဘီးယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော တမလန်းနွယ် ၂၂ အိတ် (၂၆၄၀ ချောင်း)တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မင်းဇော်၊ ပိုင်ဇင်လင်းထွန်းနှင့် အောင်ဖြိုးဝေတို့အား သစ်တောဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၅–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၅–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၆၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၁၉) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၀၅) ခု၊

စုစုပေါင်း (၈၈၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၅–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case– 216, 235, 242) ရှိသဖြင့် စုစုပေါင်း (၂၁၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၉၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၄–၆–၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီမှ(၂၅–၆–၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦး ရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၆) ခု |
| (၂၅–၆–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၉) ခု |
| (၂၅–၆–၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၅) ခု |
| (၂၅–၆–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၅) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၉၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၂၁၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၅–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၄–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၈၅၂)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၃၆၈) ခု၊

စုစုပေါင်း (၁,၂၂၀)ခု အား ယနေ့၊ နံနက်အစောပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၂၅–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦးရှိပါသည်။

၃။ (၂၄–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၃၁၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၂၉၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၃၆၈) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၁) ခု၊

စုစုပေါင်း (၂,၃၃၀)ခု အား စစ်ဆေးခဲ့ပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅–၆–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၄–၆–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၅၂) ခု |
| (၂၄–၆–၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၈) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## တမူးမြို့နယ်၌ အင်း/တင်ဒါ ငါးဖမ်းကွက်များ လေလံတင်ရောင်းချ

**တမူး ဇွန် ၂၅**

တမူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏၂၀၁၉–၂၀၂၀ လုပ်ငန်းရာသီ အင်း/တင်ဒါ ငါးဖမ်းကွက်များ လေလံတင်ရောင်းချခြင်း၊ ကိုဗစ် – ၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး၊ ငါးသယံဇာတ ထိန်းသိမ်းရေး တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြစ်သည့် အဆိပ်ချခြင်း၊ မိုင်းခွဲခြင်း၊ ဘက်ထရီရှော့တိုက်ခြင်းများမပြုလုပ်စေရေး ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဟင်္သာတမြို့နယ်သမဝါယမအသင်းစုအရောင်းဆိုင်မှ မြေသြဇာများ ဖြန့်ဖြူးရောင်းချလျက်ရှိ

**ဟင်္သာတ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သမဝါယမအသင်းစုလီမိတက် သွင်းအားစု အရောင်းဆိုင်မှ ကိုဗစ်–၁၉ ကာလအတွင်း တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်တိုးအောင်မြင်စေရေးအတွက် အခြေခံ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၃၃ သင်းရှိ အသင်းသား တောင်သူများသို့ ပုလဲ ဓာတ်မြေသြဇာ ၂၃၅ အိတ်၊ ဧရာဝတီ ကွန်ပေါင်း မြေသြဇာ ၁၈၅ အိတ်တို့ကို ကုန်ကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး ကျန်အသင်းသား တောင်သူများအတွက်လည်း လိုအပ်သလို ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**ကြေးမုံ**





**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## မန္တလေးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးတွင် အသုံးပြုနိုင်ရန် အလှူငွေများ လှူဒါန်း



**မန္တလေး ဇွန် ၂၅**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအတွင်း လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် Asia World Foundation မှ အလှူငွေကျပ် သိန်းတစ်ထောင်ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် စေတနာရှင် ရဟန်းရှင်လူပြည်သူများနှင့် ကုမ္ပဏီများ၊ လူမှုအသင်းအဖွဲ့ အသီးသီးတို့မှ အလှူငွေများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆား အစရှိသည့် ပစ္စည်းများကို စေတနာသဒ္ဒါတရားထက်သန်စွာဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## အနေ့ယာဉ်နှင့် လက်တွန်းလှည်းလုပ်သားများ၊ အေးသာယာမြို့ မိဘမဲ့ဂေဟာများ၊ တောင်ကြီးမြို့ ဘုန်းတော်ကြီးကျောင်းများသို့ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**တောင်ကြီး ဇွန် ၂၅**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အခြေခံပြည်သူများ စားနပ်ရိက္ခာအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲပါဝင်သည့် စားနပ်ရိက္ခာထုပ်များ၊ ကြက်ဥများအား ပြည်သူများလက်ဝယ်အရောက် သွားရောက်လှူဒါန်းလျက်ရှိသည်။



**ရိက္ခာထုပ်များ လှူဒါန်း**

ယင်းသို့ သွားရောက်ထောက်ပံ့လှူဒါန်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုး၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ တောင်ကြီးမြို့ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီမှ တာဝန်သူများနှင့် ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရွှေညောင်မြို့ရှိ အနေ့ယာဉ်လုပ်သားနှင့် လက်တွန်းလှည်းလုပ်သား စုစုပေါင်း ၁၁၄ ဦးတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲပါဝင်သည့် စားနပ်ရိက္ခာထုပ်များ၊ ကြက်ဥများ၊ ဗီတာမင်စီ အချိုရည်ဘူးများနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီနာယကနှင့်အဖွဲ့သည် ရွှေညောင်မြို့ အောင်သပြေရပ်ကွက်ရှိ စိတ္တသုခမိဘမဲ့ပရဟိတကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၈ ဦးတို့ကို စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက အဆိုပါပရဟိတကျောင်း ရန်ပုံငွေအတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကို ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် အေးသာယာမြို့ သာသနာ့တံခွန် မိဘမဲ့ပရဟိတကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့အား စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ထောက်ပံ့လှူဒါန်းပြီး ကမ္ဘောဇဘဏ်နာယကက အလှူငွေကျပ် သိန်း ၅၀ ၊ မိဘမေတ္တာ မိဘမဲ့ပရဟိတကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၆ ဦးအတွက် စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ၊ ကျောင်းအတွက် အလှူငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တောင်ကြီးမြို့ အရိယဝံသ မြို့ဦးကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်နှင့် ပထမတောင်ကျောင်းကြီး ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဝန်းသိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ဝန်းသို ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ကာကွယ်ရေးပစ္စည်းများကို ကျောက်ပါးစပ်ကျေးရွာကော်မတီထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းများမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)က အသေးစားခေတ်အားပေးစနစ် ဆောင်ရွက်လျက်ရှိသော ကျောက်ပါးစပ်ကျေးရွာသို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး ရောဂါကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေရန် လှူဒါန်းခြင်းဖြစ်သည်။ ထိုသို့ လှူဒါန်းရာတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ သုံးစုံ၊ နှာခေါင်းစည်း အခု ၅၀၀၊ လက်ဆေးဆပ်ပြာရည် ခြောက်ဘူး၊ လက်အိတ်တစ်ဘူးတို့ကို ကျေးလက်ဦးစီးဌာန(ရုံးချုပ်)ကိုယ်စား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်မှ တာဝန်ရှိသူများက ကျေးရွာမီးလင်းရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)





## စေတုတ္တရာ၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စေတုတ္တရာ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ထွန်းဦးနှင့် ဝန်ထမ်းများက စေတုတ္တရာမြို့ မြို့မဈေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် အများပြည်သူများကို ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သင်္ဘောသားနေ့ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုခံယူနေရသူများအား အစားအသောက်များလှူဒါန်း

**ရန်ကုန် ဇွန် ၂၅**

ဇွန် ၂၅ ရက်တွင် ကျရောက်သည့် (၁၀) နှစ်ပြည့် သင်္ဘောသားနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်း အတွင်း၌ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှု ခံယူနေသည့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား အလှူရှင်များက အစားအသောက်များ လှူဒါန်းသည့် အစီအစဉ်ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝင်းအတွင်းရှိ သံပျင်ဆောင်၌ ကျင်းပသည်။

လှူဒါန်းမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသည့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော သင်္ဘောသားများအပါအဝင် မြန်မာနိုင်ငံသား ၁၅၀ ကျော်အား နေ့လယ်စာအဖြစ် ကြက်သားအုန်းထမင်းနှင့် အအေးတို့ လှူဒါန်းခြင်းဖြစ်သည်။

လှူဒါန်းမှုနှင့်စပ်လျဉ်း၍ အလှူရှင်ဖြစ်သူ Myanma Ocean Win Services Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေက “နိုင်ငံတော်အစိုးရရဲ့ ကိုဗစ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုကို တစ်ထောင့်တစ်နေရာကပါဝင်တဲ့အနေနဲ့ အခုလို လှူဒါန်းတာပါ။ ညပိုင်းမှာလည်း သူတို့နေထိုင်တဲ့အဆောင်တွေကို သွားရောက်ပြီး ချင်းတွင်းဒိုးနဲ့ ဖျော်ဖြေဖို့စီစဉ်ထားပါတယ်။ စောင့်ကြပ်ကြည့်ရှုမှုခံယူနေတဲ့သူတွေအနေနဲ့ စိတ်ခွန်အားတွေ ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

IMO (International Maritime Organization) အနေဖြင့် သင်္ဘောသားများကို အသိအမှတ်ပြု ဂုဏ်ပြုအမှတ်တရရှိနေစေရန် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ် ဇွန် ၂၅ ရက်ကို သင်္ဘောသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် သင်္ဘောသားနေ့၏ ဆောင်ပုဒ်မှာ “Seafarers are Key Workers ” ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၈၄၀၄ | ၂၉၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၁၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၈၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၉၅ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၃ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅-၆-၂၀၂၀ ရက် ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၄၆၃၉၂၃ | ၁၀၄၀၆၆၁ | ၁၂၄၃၀၈ |
| ဘရာဇီး | ၁၁၉၃၆၀၉ | ၆၄၉၈၀၆ | ၅၃၈၉၅ |
| ရုရှား | ၆၁၃၉၉၄ | ၃၇၅၁၆၄ | ၈၆၀၅ |
| အိန္ဒိယ | ၄၇၄၅၈၇ | ၂၇၂၆၃၆ | ၁၄၉၁၅ |
| ဗြိတိန် | ၃၀၆၈၆၂ | စိစစ်ဆဲ | ၄၃၀၈၁ |
| စပိန် | ၂၉၄၁၆၆ | စိစစ်ဆဲ | ၂၈၃၂၇ |
| ပီရူး | ၂၆၄၆၈၉ | ၁၅၁၅၈၉ | ၈၅၈၆ |
| ချီလီ | ၂၅၄၄၁၆ | ၂၁၅၀၉၃ | ၄၇၃၁ |
| အီတလီ | ၂၃၉၄၁၀ | ၁၈၆၁၁၁ | ၃၄၆၇၅ |
| အီရန် | ၂၁၅၀၉၆ | ၁၇၅၁၀၃ | ၁၀၁၃၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၀၁၈၇ | ၂၀၄၄၉ | ၂၆၂၀ |
| စင်ကာပူ | ၄၂၇၃၆ | ၃၆၂၉၉ | ၂၆ |
| ဖိလစ်ပိုင် | ၃၃၀၆၉ | ၈၉၁၀ | ၁၂၁၂ |
| မလေးရှား | ၈၆၀၀ | ၈၂၇၁ | ၁၂၁ |
| ထိုင်း | ၃၁၅၈ | ၃၀၃၈ | ၅၈ |
| ဗီယက်နမ် | ၃၅၂ | ၃၂၉ | ၀ |
| မြန်မာ | ၂၉၃ | ၂၁၁ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၃၀ | ၁၂၇ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား ၉၈ ဦး ကျိုင်းတုံမြို့သို့ ရောက်ရှိ

ကျိုင်းတုံ ဇွန် ၂၅

ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား ၉၈ ဦးသည် ယမန်နေ့ ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ လေ့ကျင့်ရေးအားကစားရုံသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက မူလနေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ပြန်လာသည့်မြန်မာအလုပ်သမားများသည် တာချီလိတ်မြို့ ထိုင်း–မြန်မာ ချစ်ကြည်ရေး အမှတ်(၂) တံတားဂိတ်မှ ပြန်လည်ဝင်ရောက်ပြီး ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ထွန်း၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံလူငယ်ပရဟိတအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးပြီး ထမင်းထုပ်၊ ရေးသန့်ဘူးများ ဝေငှပေးသည်။

ပြန်လည်ဝင်ရောက်လာသူများအနက် ကျိုင်းတုံမြို့နယ်မှ ကိုးဦးအား အသွားအလာကန့်သတ်စောင့်ကြည့်မှု ဆက်လက်ထားရှိရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးပြီး ကျန် ၈၉ ဦးအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



○ ချင်းရွှေဟော်မှ

မကွေးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦးနှင့် ရှမ်းပြည်နယ်မှ ၇၇ ဦး တို့ဖြစ်သည်။

ချင်းရွှေဟော် နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ဇွန် ၂၅ ရက်အထိ အမျိုးသား ၆၆၉၉ ဦးနှင့် အမျိုးသမီး ၅၃၃၂ ဦး စုစုပေါင်း နေရပ်ပြန် ပြည်သူ ၁၂၀၃၁ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## မော်လမြိုင်မြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ နေရပ်ပြန် ၁၄၅ ဦး ရောက်ရှိ



မော်လမြိုင် ဇွန် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ထားရှိသော အမှတ်(၄) တည်းခိုရေးစခန်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ် မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာသော နေရပ်ပြန်အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၆၄ ဦး ပေါင်း ၁၄၅ ဦးတို့အား တာဝန်ရှိသူများက လက်ခံ၍ အဖျားတိုင်းပြီး ၎င်းတို့ တည်းခိုမည့် အဆောင်များသို့ နေရာချထားပေးကြောင်း သိရသည်။

ထိုသို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ဝင်ရောက်လာသော နေရပ်ပြန်များအား အမှတ်(၄) တည်းခိုရေးစခန်းတာဝန်ခံ ဗိုလ်မှူးကျော်မြင့်ထွန်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနဝန်ထမ်းများနှင့် အဖွဲ့အစည်းပေါင်းစုံက နွေးထွေးစွာ ကြိုဆိုကြပြီး အဖျားတိုင်းခြင်း၊ စာရင်းသွင်းခြင်းနှင့် ၎င်းတို့ တည်းခိုမည့်နေရာသို့ ပို့ဆောင်ပေးခြင်း၊ စားရေးသောက်ရေး စီစဉ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမှတ်(၄)တည်းခိုရေးစခန်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်သူများကို ကျန်းမာရေး စစ်ဆေးမှု ရက်သတ္တပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် ပြုလုပ်၍ ကိုဗစ်–၁၉ ပိုးမတွေ့ရှိသူများကို နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။ အဆိုပါ တည်းခိုရေးစခန်းတွင် မေ ၁ ရက်မှ ယနေ့အထိ ပြည်ပနိုင်ငံအသီးသီးမှ နေရပ်ပြန် စုစုပေါင်း ၅၄၆၃ ဦးရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာ-လာအို တာချီလိတ် နယ်စပ်ဝင်ပေါက်မှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၈၆ ဦး ပြန်လည်ဝင်ရောက်

**တာချီလိတ် ဇွန် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-လာအို နယ်စပ်ဂိတ်မှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၈၆ ဦး ယမန်နေ့က ပြန်လည်ဝင်ရောက်ခဲ့သည်။ ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူအားလုံးကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် အပူချိန်တိုင်းတာခြင်းပြုလုပ်ခဲ့ပြီး သံသယလူနာ မတွေ့ရှိရသဖြင့် ကားများစီစဉ်ပေးကာ မိမိနေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

နေရပ်ပြန်များကို ကျန်းမာရေးအထောက်အထားစာရွက်စာတမ်းများ ထုတ်ပေးပြီး မိမိနေထိုင်ရာဒေသသို့ ပြန်လည်ရောက်ရှိပါက ကန့်သတ်စောင့်ကြည့်စခန်းဝင်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှာကြားချက်များ လိုက်နာရန် စည်းကမ်းချက်များကို ကျန်းမာရေးဦးစီးဌာနမှ အသိပညာပေးရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေး

**ဝန်းသို ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် လက်ပံကျင်းကျေးရွာတွင် ဆဋ္ဌမအကြိမ် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြန်လည်ထုတ်ချေးနိုင်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



မြစိမ်းရောင် ကျေးရွာစီမံကိန်း ပြန်လည်ထုတ်ချေးရာတွင် တင်းဝါးချောင်းအုပ်စု ကျန်းမာရေး ဆရာမ ဒေါ်အေးမို့မို့ထွန်း၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် အသင်းဝင်များအား ကိုယ်အပူချိန် တိုင်းတာခြင်းများ၊ စနစ်တကျ လက်ဆေးစေခြင်း၊ ဝန်းသိုကျေးလက်ဦးစီးဌာနမှ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းအရ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာဖြင့် စနစ်တကျ အလှည့်ကျတန်းစီစနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ရန် အသင်းဝင်တစ်ဦးအား ငွေကျပ် ငါးသိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ဆောင်ရန် အသင်းဝင် ၉၁ ဦးအား ငွေကျပ် ၄၈၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ဆောင်ရန် အသင်းဝင်တစ်ဦးအား ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းဝင် ၉၃ ဦးအား ငွေကျပ် သိန်း ၅၀၀ ကို လက်ဝယ်အရောက် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် အနည်းဆုံး အောက်ပါအချက်(၄)ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ–

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ)မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❑ ပြည်ပနိုင်ငံများမှ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၁၁ ဦးနှင့် Norwegian ၊ Costa Atlantica နှင့် Viking Orion အပျော်စီးသင်္ဘောများပေါ်မှ မြန်မာသင်္ဘောသား အမှုထမ်း ၂၈ ဦး စုစုပေါင်း ၁၃၉ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းတွင် သောင်တင်ပိတ်မိကာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် မြန်မာသင်္ဘောသား ၁၂ ဦးနှင့် မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား သုံးဦး စုစုပေါင်း ၁၅ ဦးတို့အား Air KBZ လေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်အထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၅၃၂၅ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ရောက်ရှိသည့် မြန်မာနိုင်ငံသားများတွင် ပြည်ပနိုင်ငံများရှိ ဆိပ်ကမ်းများ၌ သောင်တင်နေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့ခဲ့ရသည့် မြန်မာသင်္ဘောသား ၁၀၀၀ ကျော်လည်း ပါဝင်သည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် ဇွန် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန် ၂၇ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ယုန်ကလေးသည် မြေခွေးအပေါ် လှည့်စားနိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မလိမ့်တပတ်" မျက်နှာဖုံးကာတွန်း၊ Online Learning ကို အသုံးပြုခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် သတိထားရမည့် အချက်များအကြောင်းကို ကလေးများသိရှိနိုင်ရန် တင်ဆက်ထားသည့် "Online Learning ရဲ့ ကောင်းကျိုးနဲ့ သတိပြုထားရမည့်အချက်များ" သုတဆောင်းပါး၊ COVID–19 ရောဂါသည် ကူးစက်မြန်ရောဂါဖြစ်ပြီး ရောဂါကူးစက်မခံရစေရန်အတွက် အထူးသတိထားရန် လိုအပ်ကြောင်းကို ရေးသားထားသည့် "COVID–19" နှစ်မျက်နှာကာတွန်း၊ ကြယ်စင်ချိုသည် မိမိပိုင်စာအုပ်စင်လေးရရှိသွားသောကြောင့် ကြည်နူးပီတိဖြစ်ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကျန်းမာရေးအသိပေးချက်ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၆)
# လုံခြုံစိတ်ချရသောမဲပေးခြင်းလုပ်ငန်းစဉ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း



**မောင်စာဂ**

မြန်မာနိုင်ငံတွင် လာမည့်နိုဝင်ဘာလအတွင်း၌ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန်ရှိနေသည်။ ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းက လျော့နည်းကျဆင်းသွားမည်လား၊ ပိုမိုဆိုးရွားလာနိုင်သည်လား ကြိုတင်မခန့်မှန်းနိုင်ပါ။ ဤသို့သောအခြေအနေတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါမှ လုံခြုံစိတ်ချရသောမဲပေးခြင်းလုပ်ငန်းစဉ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ လေ့လာသိရှိသမျှ အနှစ်ချုပ်မျှဝေပါရစေ။

### ဆွေးနွေးညှိနှိုင်းခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရသည့်အချိန်နှင့် ကြုံကြိုက်နေသည်။ မဲဆန္ဒရှင်များ လုံခြုံစိတ်ချ၊ ဘေးကင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဇွန်လဒုတိယပတ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ တာဝန်ရှိ ဆရာဝန်ကြီးများက လိုအပ်သည်များကို ရှင်းလင်းညွှန်ပြ ပြောကြားသည်။ ထို့နောက် မဲဆန္ဒရှင်များ မဲရုံ၌ ဆန္ဒမဲပေးပုံ လက်တွေ့သရုပ်ပြသသည့် စီစဉ်ဆောင်ရွက်မှုပြုခဲ့သည်။ ကိုယ်တိုင်လေ့လာခွင့်ရရှိခဲ့သည်။ တွေ့မြင်သိရှိသမျှကို ဖော်ပြပါမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းနှင့် လုံခြုံစိတ်ချရသော မဲပေးခြင်းလုပ်ငန်းစဉ်များဖြစ်လာရေး ရှုထောင့်မျိုးစုံမှ လေ့လာသုံးသပ်လျက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ပြည်ပနိုင်ငံအချို့၏ အတွေ့အကြုံများကိုလေ့လာ...**

### မဲရုံအတွင်း အခင်းအကျင်း

မဲရုံအတွင်းတွင် မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ်ထုတ်ပေးသူအကြား ၁ ဒသမ ၅ မီတာ (၅ ပေ) ခန့်အကွာအဝေး သတ်မှတ်နေရာချထားသည်။ လွှတ်တော်အသီးသီး၏ ဆန္ဒပြုခန်းများကိုလည်း ၁ ဒသမ ၅မီတာခန့် အကွာအဝေးတွင်ထားရှိသည်။ မဲရုံအတွင်း ကြမ်းပြင်တွင် မဲဆန္ဒရှင်များ တစ်ဦးနှင့်တစ်ဦး တန်းစီနေရာယူရမည့်အကွာအဝေးကို ညွှန်ပြထားသည့်အမှတ်အသားများ ပြုလုပ်ထားသည်။ မဲရုံအတွင်းရှိနေကြမည့် မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများအတွက် ထိုင်ခုံနေရာများကိုလည်း ၁ ဒသမ ၅ မီတာခန့် အကွာအဝေးဖြင့် စီစဉ်ထားရှိသည်။ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများသည် နှာခေါင်းစည်း (Mask)များ ဝတ်ဆင်ထားသည်။ မျက်နှာဖုံးကာဗာ (Face Shield) များ တပ်ဆင်ထားသည်။ တစ်ခါသုံးလက်အိတ်များ စွပ်ထားကြသည်။

### မဲရုံပြင်ပအခင်းအကျင်း

မဲစာရင်း ကပ်ထားကြေညာပေးသည့် နေရာ၊ ဘုတ်ပြားတွင် တစ်ဦးချင်းစီသာ ကြည့်ရှုနိုင်မည့်လမ်းကြောင်း သတ်မှတ်ထားသည်။ အဆိုပါလမ်းကြောင်းသည် တစ်မီတာခန့် (၃ ပေ) အကျယ် ရှိသည်။ မဲဆန္ဒရှင် တစ်ဦးနှင့် တစ်ဦးသည် ၁ ဒသမ ၅ မီတာခန့်အကွာအဝေးဖြင့် တန်းစီကြည့်နိုင်ရန် မဲရုံဝန်ထမ်းတစ်ဦးထားရှိသည်။ တစ်ဆက်တည်းပင် မဲရုံအတွင်းသို့ဝင်ရန် တန်းစီသည့် လမ်းကြောင်းကိုလည်း သတ်မှတ်ထားသည်။ မဲဆန္ဒရှင် တစ်ဦးနှင့်တစ်ဦး ၁ ဒသမ ၅ မီတာခန့်အကွာအဝေးဖြင့် တန်းစီနိုင်ရန် မဲရုံဝန်ထမ်းတစ်ဦးက ကြီးကြပ်ပေးလျက်ရှိသည်။ “ မဲရုံအတွင်းသို့မဝင်မီ လက်ကို သန့်စင်စွာ ဆေးကြောထားရမည် ”၊ “ ကြမ်းပြင်တွင်သတ်မှတ်ထားသောအကွာအဝေးမှသာ တစ်ဦးနှင့်တစ်ဦး တန်းစီဝင်ပါ”၊ “ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကိုအသုံးပြု၍ ကာကွယ်ပါ ”၊ “ မျက်နှာကို လက်ဖြင့် မထိပါစေနှင့်” ဆိုသည့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားသည်။

### မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

မဲဆန္ဒရှင်များသည် မဲရုံအတွင်းသို့မဝင်မီ မဲရုံဝင်ပေါက်အနီး အသင့်ထားရှိသော လက်သန့်ဆေးရည်ဖြင့် လက်ဆေးကြသည်။ ဝန်ထမ်းတစ်ဦးက မဲဆန္ဒရှင်ကို အပူချိန်တိုင်းသည်။ ပြီးလျှင် မဲရုံဝင်ပေါက်၌ပင် အသင့်ထားရှိသော တစ်ခါသုံးလက်အိတ် နှစ်ခုကို မဲဆန္ဒရှင်ကိုယ်တိုင်ယူပြီး လက်ကိုစွပ်သည်။ ထို့နောက် မဲလက်မှတ်ထုတ်ပေးသူထံသို့သွားပြီး မဲလက်မှတ်ထုတ်ယူသည်။ အသင့်ထားရှိသော ဘောပင်ဖြင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုသည်။ မဲလက်မှတ်ကိုယူ၍ လျှို့ဝှက်မဲပေးခန်းဆီသို့ သွားသည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် ၎င်းနှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို ရွေးချယ်ကာ သတ်မှတ်ထားသော အကွက်တွင် တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသည်။ ပြီးလျှင် မဲလက်မှတ်ကိုခေါက်ကာ မဲပုံးအတွင်းသို့ထည့်သည်။

ဤသို့ပင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒပြုကာ မဲထည့်သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒပြုကာ မဲထည့်သည့်။ ပြီးလျှင် ၎င်းတပ်ဆင်ထားသော တစ်ခါသုံး လက်အိတ်ကိုချွတ်ကာ သတ်မှတ်ထားသည့် အမှိုက်ပုံးထဲသို့ထည့်သည်။ ထို့နောက် လက်သန်းထိပ် မင်တို့ကာ မဲရုံအတွင်းမှ ပြန်ထွက်သည်။ တစ်ခါသုံးလက်အိတ်ကို အသုံးပြုခြင်းသည် ကိုဗစ်-၁၉ ကူးစက်ရောဂါပိုးရှိသူ ထိတွေ့ကိုင်တွယ်ခဲ့သည့် မဲရုံအသုံးအဆောင်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်နိုင်ရခြင်းအခြေအနေမှ ကာကွယ်လျော့ချနိုင်သည်ဟု သုံးသပ်ကြသည်။

### ပိုးသတ်ထားခြင်း

မဲရုံအတွင်းအသုံးပြုသော စားပွဲများ၊ ထိုင်ခုံများ၊ ဆန္ဒပြုခန်းများ၊ တံဆိပ်တုံးများ၊ မင်ခံ၊ မင်အိုး၊ ဘောပင်၊ မဲပုံးများ၊ လုံခြုံရေးကြိုးများ၊ မဲလက်မှတ်များ၊ မဲလက်မှတ်များထည့်သည့်အိတ်များ အစရှိသည့် မဲရုံသုံးပစ္စည်းများအားလုံးကို ပိုးသတ်ထားပြီးဖြစ်သည်။

### စင်ကာပူနိုင်ငံ၏ရွေးကောက်ပွဲ ကြိုတင်ဆောင်ရွက်ချက်

စင်ကာပူနိုင်ငံသည် ကိုဗစ် – ၁၉ ရောဂါကူးစက်ခံနေရမှုကာလအတွင်း သတ်မှတ်ထားသည့်အတိုင်း ဇူလိုင်လတွင် ရွေးကောက်ပွဲကျင်းပသွားရန်ရှိပြီး ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိစွာ ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ကြိုတင်ဆောင်ရွက်ချက်များ စီမံထားရှိသည်။ ဗဟုသုတအဖြစ် လေ့လာမှတ်သားသိရှိသည်ကို အနှစ်ချုပ်တင်ပြပါရစေ။

စင်ကာပူနိုင်ငံတွင် လူစုလူဝေးဖြင့် မဲဆွယ်ခြင်းများကို တတ်နိုင်သမျှ လျှော့ချသည်။ နိုင်ငံရေးပါတီများအတွက် အစည်းအဝေးများကျင်းပခြင်း၊ လမ်းလျှောက်ခြင်းနှင့် မဲဆန္ဒရှင်များ၏အိမ်သို့ သွားရောက်ခြင်းများအပါအဝင် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ထားသည်။ မဲဆွယ်စည်းရုံးရေးဆိုင်ရာသတင်းစကားများကို မဲဆန္ဒရှင်များက ကောင်းစွာသိရှိကြစေရန်နှင့် မည်သည့်အချိန်တွင် ရုပ်သံများမှတစ်ဆင့် ထုတ်လွှင့်မည်ကို အသိပေးခြင်းများ ဆောင်ရွက်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အွန်လိုင်းမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်း၊ ကုန်ကျစရိတ်တင်ပြမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းအသစ်များ ပြင်ဆင်ထားသည်။

စင်ကာပူနိုင်ငံအနေဖြင့် မဲရုံများ၌ မဲဆန္ဒရှင်များအား လူစုခွဲထားသည်။ ဥပမာ အိမ်ထောင်စုတစ်စုတည်းမှ မဲဆန္ဒရှင်များအား နှစ်နာရီခြား၍ သွားရောက်ပြီး မဲပေးကြရန် အကြံပြုထားသည်။ အသက် ၆၅ နှစ်ကျော်သော မဲဆန္ဒရှင်များအား လူတစ်ဦးကျစီ အဖော်ခေါ်ဆောင်ခွင့်ပြုပြီး နံနက်ပိုင်း ၈ နာရီမှ နေ့ခင်းမွန်းတည့်ချိန်အတွင်း မဲပေးစေရန်စီစဉ်ထားသည်။ မဲရုံအရေအတွက်များကို ၈၈၀ မှ ၁၁၀၀ သို့ တိုးမြှင့်ခြင်းဖြင့် မဲရုံအလိုက် မဲဆန္ဒရှင်အရေအတွက်များ လျှော့ချထားသည်။

မဲဆန္ဒရှင်များက အချိန်တိုင်းတွင် အနည်းဆုံး တစ်မီတာ (၃ ပေ) စီခြား၍ထားသည်။ ရွေးကောက်ပွဲအရာရှိနှင့် မဲရုံဝန်ထမ်းများသည်လည်း တစ်မီတာစီခြား၍ ထိုင်ကြမည်။ မဲဆန္ဒရှင်များ တန်းစီနေစဉ်အတွင်း ကိုယ်အပူချိန်တိုင်းခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ရှိ / မရှိ တိုင်းတာခြင်းများ ဆောင်ရွက်သွားမည်။

မဲဆန္ဒရှင်များသည် နှာခေါင်းစည်း (Mask) များတပ်ဆင်လျက် နေအိမ်မှထွက်လာပြီး စာရင်းသွင်းစဉ်တွင် မျက်နှာကို ခေတ္တဖော်ပြရသည်။ မဲလက်မှတ်မယူခင် လက်များကို ဆေးကြောသန့်စင်ရသည်။ ဆန္ဒပြုခန်းနှင့် ဘောပင်များအပါအဝင် လူများလက်ဖြင့်ထိတွေ့လေ့ရှိသော အရာများအားလုံး အနည်းဆုံး နာရီဝက်ခြားတစ်ခါ သန့်စင်ရသည်။ ကိုဗစ် – ၁၉ ရောဂါကို အထူးပြုလျက် အတည်ပြုထားသည့် လွှတ်တော်ရွေးကောက်ပွဲ အက်ဥပဒေအရ ဟိုတယ်များအပါအဝင် သတ်မှတ်ထားသော နေရာများတွင် “Stay Home” နေ နေရသည့် မဲဆန္ဒရှင်များအား သီးသန့်မဲရုံများဖြင့် မဲပေးခွင့်ပြုထားသည်။

### မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၃ – ၆ – ၂၀၂၀ ရက်နေ့အထိ ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရမှုအခြေအနေမှာ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၂၉၂ ဦးရှိသည်။ ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ ၂၀၄ ဦးရှိသည်။ သေဆုံးလူနာခြောက်ဦးရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကူးစက်ခံရမှုအများအနည်းအလိုက် ဖော်ပြရလျှင် ရန်ကုန် ၂၂၃ ဦး (သေဆုံးသူ ငါး ဦး) ၊ ရခိုင် ၁၁ ဦး၊ ချင်း ၁၀ ဦး၊ စစ်ကိုင်း ကိုးဦး၊ ပဲခူး ရှစ်ဦး (သေဆုံးသူ တစ်ဦး)၊ မွန်ပြည်နယ် ခြောက်ဦး၊ ရှမ်း (တောင်) လေးဦး၊ မန္တလေး၊ ရှမ်း(ရှေ့)၊ ရှမ်း (မြောက်) နှင့် မကွေးတို့တွင် သုံးဦးစီ၊ နေပြည်တော်၊ ကရင်၊ ဧရာဝတီနှင့် ကချင်တို့တွင် နှစ်ဦးစီနှင့် တနင်္သာရီ တစ်ဦး ရှိသည်။

### လုံခြုံမှုရှိစွာ ဆန္ဒမဲပေးနိုင်ကြပါမည်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၂ ဦးရှိသော်လည်း ရန်ကုန်မြို့တွင်သာ ၂၂၃ ဦးဖြင့် အများဆုံးဖြစ်နေသည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အနည်းငယ်စီသာ ဖြစ်သည်။ ကယားပြည်နယ်တွင် လုံးဝမရှိပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းနှင့် လုံခြုံစိတ်ချရသော မဲပေးခြင်းလုပ်ငန်းစဉ်များဖြစ်လာရေး ရှုထောင့်မျိုးစုံမှ လေ့လာသုံးသပ်လျက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ပြည်ပနိုင်ငံအချို့၏အတွေ့အကြုံများကို လေ့လာသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုများကို ခံယူ၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါမှ လုံခြုံစိတ်ချစွာဖြင့် ဆန္ဒမဲပေးနိုင်ကြမည်ဟု ယုံကြည်မိကြောင်း ပါဗျာ။

- **ကိုဗစ်-၁၉ ရောဂါ အမြန်ဆုံးချုပ်ငြိမ်းပပျောက်ပါစေ၊**
- **မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **လုံခြုံစိတ်ချရသော လုပ်ငန်းစဉ်များချမှတ်ပြီး ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ပါစေ။**

## ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကတ်နံပါတ်များ သတိပေးကြေညာချက်

[illegible] United Paints Group Co.,ltd. [illegible] UNITEX EMULSION PAINT [illegible]

### ကုန်အမှတ်တံဆိပ်

[illegible]




[illegible] UNITEX EMULSION PAINT [illegible]

[illegible] UNITEX EMULSION PAINT [illegible]




[illegible] UNITEX EMULSION PAINT [illegible] UPG [illegible] UNITEX EMULSION PAINT [illegible] United Paints Group Co.,ltd. [illegible]

[illegible] UNITEX EMULSION PAINT [illegible]

[illegible]

# Grand Guardian Insurance Holding Public Co., Ltd

Grand Guardian Insurance Holding Public Co., Ltd ၏ ပထမအကြိမ် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများကို သီးခြားပေးပို့မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ရက် | - | ၂၀၂၀ခုနှစ် ၊ ဇူလိုင်လ (၂၂)ရက် (ဗုဒ္ဓဟူးနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၁:၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်ပုံစံ | - | Microsoft Teams Meeting |

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် ဇူလိုင်လ (၇) ရက်မှ ဇူလိုင်လ (၂၂)ရက် အထိ အစုရှယ်ယာမှတ်တမ်းအား ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
Grand Guardian Insurance Holding Public Co., Ltd

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၂))**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၄၁၃**

၁။ ဦးမျိုးတင့်(ဂီတစာဆို မျိုးနွယ်ဆွေ) (ကိုယ်တိုင်နှင့်ကျန်တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)(အလုပ်အမှုဆောင်အဖွဲ့)

၂။ ဦးဘိုဘိုဟန်၊ ၃။ ဦးဗစ်တာခင်ညို၊
၄။ ဆုတင်၊ ၅။ အကော်ဒီယံအောင်မင်းနိုင်၊
၆။ မေနွယ်စိုး၊ ၇။ ရစ်ချက်၊ ၈။ ရန်ကင်းသန်းရီလေး၊
၉။ တက္ကသိုလ်တင်မောင်ဝင်း၊ ၁၀။ မအူပင်ဆွေမြင့်၊
၁၁။ ထပ်ဆင့်အကယ်ဒမီဆန်းဦး၊ ၁၂။ ခိုင်ဇော်ထွန်း၊
၁၃။ ရဲဝင်းဖြူ၊ ၁၄။ ဘိုကလေးဝင်းကျော်၊
၁၅။ မြသက်နွယ်၊ ၁၆။ ဇော်မြတ်၊ ၁၇။ ဦးလှမြင့်၊
၁၈။ ဦးစန်းမြင့်၊ ၁၉။ ဦးမြင့်ရွှေ၊ ၂၀။ S.P(အက်စ်ပီ)၊
၂၁။ သက်ပိုင်လင်း၊ ၂၂။ စိုးထွန်း၊
၂၃။ မောင်ဝင်းမိုး(ရွှေတေးလုလင်)၊ ၂၄။ သန္တာဝင်း၊
၂၅။ နီလာစိုး၊ ၂၆။ စန္ဒရားခွန်တင်ကြွယ်၊
၂၇။ မင်းမင်းစိုး၊ ၂၈။ ဝင်းဇော်မိုး၊ ၂၉။ မစ်ကီကိုး၊
၃၀။ တွယ်တာ၊ ၃၁။ ကျော်လင်းခိုင်

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၂)နေ တရားပြိုင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) (အလုပ်အမှုဆောင်အဖွဲ့)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးတင့်(ဂီတစာဆို မျိုးနွယ်ဆွေ)ပါ (၃၁)ဦးက "မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၄-၉-၂၀၁၂)ရက်မှ (၁၈-၁-၂၀၁၈)ရက်ထိ စာရင်းများအား ရှင်းလင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ရက်)၊ မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ ဇွန်လ(၂၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ဒေါ်အိသုအောင်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ သန္တာနှင်းဆီလမ်း၊ အမှတ်(၁၂၆)နေ ဦးလင်းအောင် [၁၂/တမန(နိုင်)၀၉၈၆၂၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်းအောင်နှင့် ဒေါ်အိသုအောင်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ပေါင်းသင်းခဲ့ရာ သားသမီး(၂) ဦးထွန်းကားခဲ့ပါသည်။ ဒေါ်အိသုအောင်အနေဖြင့် ငွေကြေးအရှုပ်များ များစွာကို ဦးလင်းအောင်မသိရှိဘဲ ပြုလုပ်နေသည့်အတွက် (၃-၄-၂၀၁၉)ရက် နေ့စွဲပါ မြန်မာ့အလင်းသတင်းစာတွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ညိုမာသွယ်မှ တစ်ဆင့် "အများသိစေရန်" ဒေါ်အိသုအောင်၏ ငွေကြေးအရှုပ်များနှင့် ဦးလင်းအောင် ပတ်သက်ခြင်းမရှိကြောင်း ပထမအကြိမ် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်အိသုအောင်မှာ ငွေကြေးအရှုပ်အရှင်းများစွာ ဆက်လက်လုပ်ကိုင်နေသည့်အတွက် ငွေရှင်များစွာက ဦးလင်းအောင်ကိုပါ ကြိမ်းမောင်းခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့ပါသည်။ ထို့ပြင် ငွေရှင်များစွာက တရားရုံးတော်များတွင် ဒေါ်အိသုအောင်အပေါ် တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း တရားစွဲဆိုထားကြသည့်အတွက် ဦးလင်းအောင်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရပြီး ဂုဏ်သိက္ခာများစွာ ကျဆင်းခဲ့ရသည့်အပြင် စိတ်ဒဏ်ရာများပါ ရရှိခံစားနေရသည့်အတွက် ဒေါ်အိသုအောင်အား ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၃၀၁/၂၀၂၀ ဖြင့် "လင်မယားကွာရှင်းပေးစေလိုမှု" စွဲဆိုထားပြီး အမှုရင်ဆိုင်နေဆဲဖြစ်ပါသည်။

သို့ပါ၍ ဒေါ်အိသုအောင်၏ ငွေကြေးအရှုပ်အရှင်းများသည် ဦးလင်းအောင်နှင့်သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဖြစ်ပေါ်လာသည့် ကိစ္စအဝဝတို့သည် ဒေါ်အိသုအောင်နှင့် ငွေပေးငွေယူပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးချစ်ကိုကို(ဘဏ်) | ဒေါ်နေခြည်ဝင်းထွဋ်(LL.B) |
| B.Sc(Phy),H.G.P,D.B.L,D.M.L,D.I.L | တရားလွှတ်တော်ရှေ့နေ |
| D.A.Psy, WIPO (Switzerland) | (စဥ်-၁၆၂၁၉) |
| P.G.D.L | |
| တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၁၉၇) | |
| ဒေါ်မိုးပြည့်လှိုင် (LL.B) | ဦးအောင်ချမ်းမင်း |
| အထက်တန်းရှေ့နေ (စဥ်-၅၁၈၅၇) | B.Sc(Chem),D.B.L,D.M.L,P.G.D.L |
| | အထက်တန်းရှေ့နေ(စဥ်-၅၂၃၅၉) |

အမှတ်(၁၃၅)၊ ဒုတိယထပ်(ညာ)၊ အခန်း(၆)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၅၄၀၅၅၆၇၊ ၀၉-၉၆၂၈၈၆၈၈၅၊ ၀၉-၄၄၃၀၀၅၂၃၇

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချမ်းငြိမ်းစိုး[၈/ရစက(နိုင်)၁၆၉၇၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မနော်ဟရီလမ်း၊ မြေကွက်အမှတ်(၄၅၁)၊ အလျားပေ(၄၀)xအနံပေ(၆၀)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားအိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်မြင့်[၁၂/မဂတ(နိုင်)၀၃၄၅၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချမ်းငြိမ်းစိုးက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါအိမ်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးဇင်သင်းအောင် | ဒေါ်ယမင်းလတ် |
| (LL,B, B.D.S) | (LL.B,D.B.L) |
| (စဥ်-၁၄၄၇၉/၂၀၁၈) | (စဥ်-၈၅၆၄/၂၀၁၂) |

**တရားလွှတ်တော်ရှေ့နေများ**
ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၆၉၅၁၈၁၂၁၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေရိယာ( - )ကေရှိ ဒေါ်စောကြည်[၉/ပမန(နိုင်)၀၅၃၄၂၃] အဖအမည် ဦးရွှေသီး(ခ) ဦးရ အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၅၄၅)ကို ဦးဝင်းသိန်း[၉/ပမန(နိုင်)၁၈၉၂၅၂]၊ အဖအမည် ဦးသိန်းအောင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူနှင့် ဝယ်ယူသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုပ်ထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါ သည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်တို့ CO2 Solutions Co.,Ltd ရှိ ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်အမှတ်-28218(22-06-12) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၇၈၁၄၆၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ မြောက်ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ်(၂)၊ အမှတ်(၁၃)၊ ဖွလွှာ(B)ဟုခေါ်တွင်သော တိုက်ခန်းအကျယ်(၁၂ ၁/၂ x ၅၀)ပေရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးပိုင်စိုးဦး[၁၂/ကတတ(နိုင်)၀၃၁၅၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးဝင်းနိုင် [၁၂/ကတတ(နိုင်)၀၂၇၈၆၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤသတင်းကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးဝင်းနိုင်** | **ဒေါ်နန်းစန္ဒာဝင်း(LL.B)** |
| **[၁၂/ကတတ(နိုင်)၀၂၇၈၆၄]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၁၂၂၃၈/၁၄-၃-၂၀၁၇)** |

**အမှတ်-၉၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09 43163668,09- 421101084**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ရွှေအောင်လင်း-၇"အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0028/15) ရေယာဉ်၏တန်ချိန်-၁၀.၅၉အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်အေးအေးမြတ်[၆/ကရရ(နိုင်)၀၀၁၀၀၄]အမည်မှ ဦးအေးနိုင်[၆/ကစန(နိုင်)၀၅၅၀၆၃]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ကျောက်တိုင်ကျေးရွာ အ-မ-ကတွင် တာဝန်ထမ်းဆောင်နေသော ကျောင်းအုပ်ဆရာမကြီး၊ ဒေါ်စန်းကြူ(ခ)ဒေါ်စန်းစန်းကြူ[၁၂/သခန(နိုင်)၀၂၉၀၂၁]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စန်းကြူ(ခ)ဒေါ်စန်းစန်းကြူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉၊ မြေကွက်အမှတ်-၄၉၈၊ မြေကွက်တည်နေရာအမှတ်(၄၉၈)၊ အောင်မာဃလမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း ဦးစန်းလွင်(DE-026371) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးစန်းလွင်(ဖခင်)ဖြစ်သူသည် (၂၄-၁-၂၀၁၆)ရက်တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်အေးမြင့်သည် (၁၀-၁၂-၂၀၁၉)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်၍ သား/သမီးများဖြစ်ကြသော ၁။ ဦးစန်းနိုင်ဦး[၁၂/မရက(နိုင်)၀၃၀၉၆၆]၊ ၂။ ဦးစန်းသီဟ[၁၂/ကတတ(နိုင်)၀၀၆၁၂၀]၊ ၃။ ဦးစန်းမောင်မောင်လေး[၁၂/ကတတ(နိုင်)၀၀၆၁၁၉]၊ ၄။ ဒေါ်စန်းသီတာ[၁၂/ကတတ(နိုင်)၀၀၆၁၂၁]၊ ဒေါ်စန်းသီတာကိုယ်တိုင်နှင့် ကျန်(၃)ဦး၊ ဦးစန်းနိုင်ဦး+၂တို့ထံမှ GPရသူ ဒေါ်စန်းသီတာမှ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် GP မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်/ဖခင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း (၃)စောင်၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း၊ စာချုပ်ဂရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၆ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၇)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက် "ကစ" ထိ** စုစုပေါင်းအက္ခရာ(၃၉)လုံး ရောင်းချခဲ့ပါသည်။

၂။ (၁၇)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၃၉)လုံး ဖြစ်၍ ၊ ထီစာအုပ်(၃၁၉၀၉၀၂) အုပ်ဖြစ်ပြီး၊ ထီလက်မှတ်စောင်ရေမှာ (၃၅၀၉၉၂၂) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း (၃၁၀၉.၁၂၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၈၁၄၅.၄၇၂) ဖြစ်ပါသည်။

၄။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းတစ်သောင်း | = | (၁) | ဆု |
| (၃) | ကျပ်သိန်းငါးထောင် | = | (၂) | ဆု |
| (၄) | ကျပ်သိန်းနှစ်ထောင် | = | (၅) | ဆု |
| (၅) | ကျပ်သိန်းတစ်ထောင် | = | (၇) | ဆု |

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၈) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၂၀) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၂၆) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၂၆) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၉) | ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၃၂) | ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၅၀) | ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၅၀၀) | ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၈၀၀၀) | ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၂၀၀၀၀၀) | ဆု |

၅။ ထိုပြင်သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀)အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄)ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း (၂၀)ဆု၊ ကျပ် ၂သိန်း (၂၀၀)ဆု၊ ကျပ် ၁သိန်း (၂၀၀၀)ဆု စုစုပေါင်း(၂၂၂၄)ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၆။ (၁၇)ကြိမ်မြောက် ၁၀၀၀ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၇.၂၀၂၀)ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ နံနက်(၇:၃၀)နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၃)တည်ဆောက်ရေး၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အောက်ပါလုပ်ငန်းအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) CVC/RCC ခွဲကျောက် (၂၅၉,၀၀၀)ကျင်း ကြိတ်ခွဲထုတ်လုပ်/အရောက်ပို့ခြင်းလုပ်ငန်း(Tender No.25/DHPI/(P&W)/2019–2020)

၂။ တင်ပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန် | – (၂၆-၆-၂၀၂၀)ရက်မှ(၃-၇-၂၀၂၀)ရက်ထိ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | – စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇) |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်၊ အချိန်၊ နေရာ | –(၂၇-၇-၂၀၂၀)ရက်၊ ၁၄:၀၀နာရီ ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## အခြေခံကွန်ပျူတာ သင်တန်းသားခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် The Nippon Foundation တို့ပူးပေါင်း၍ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ သင်ကြားလေ့ကျင့်ရေးစင်တာ (ICT Training Center)၌ အွန်လိုင်း ကွန်ပျူတာသင်တန်း အပတ်စဉ်(၁)အား ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များမှာ-
(က) မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး အခြေခံအင်္ဂလိပ်စာ ရေးတတ်၊ ဖတ်တတ်သူဖြစ်ရမည်။
(ဂ) အခြေခံပညာ အထက်တန်းထိ သင်ယူပြီးသူဖြစ်ရမည်။
(ဃ) အသက်အပိုင်းအခြားမှာ ၁၈နှစ်နှင့် အထက်ဖြစ်ရမည်။
(င) သင်တန်းသတ်မှတ်ချိန်အတိုင်း မပျက်မကွက် တက်ရောက်နိုင်သူဖြစ်ရမည်။
(စ) သင်တန်းတက်ရောက်လိုသူများသည် မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာများကို အောက်ဖော်ပြပါ လိပ်စာ/ အီးမေးလ်သို့ ပေးပို့ရမည်။
(ဆ) Zoom application အသုံးပြု၍ သင်ကြားပို့ချမည်ဖြစ်သဖြင့် တက်ရောက်လိုသူများသည် Zoom account ဖွင့်လှစ်ထားရှိရန်နှင့်ကိုယ်ပိုင် Computer / Desktop ရှိရန်လိုအပ်ပြီး Internet ကုန်ကျစရိတ်အား သင်တန်းသားများဘက်မှ ကျခံရမည်ဖြစ်ပါသည်။

၃။ ကိုယ်အင်္ဂါမသန်စွမ်းသူများအနေဖြင့် အခမဲ့တက်ရောက်နိုင်ပြီး သန်စွမ်းသူများအနေဖြင့် သင်တန်းကြေး ၃၀၀၀၀/-အား ဖုန်းနံပါတ် ၀၉-၄၅၀၀၀၇၀၄၅ သို့ wave pay ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ စိတ်ပါဝင်စားသူများသည် (၂၉-၆-၂၀၂၀)ရက်နေ့ ညနေ (၁၆:၀၀) နာရီတွင် နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်/အီးမေးလ်သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ ICT Training Center Myanmar Facebook Page တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

| | |
|---|---|
| သင်တန်းဖွင့်လှစ်မည့်ရက် | – ၃၀-၆-၂၀၂၀ (အင်္ဂါနေ့) |
| သင်တန်းကာလ | – သင်တန်းတက်ရက် (၁၀) ပတ် |
| သင်တန်းနေ့ရက်/အချိန် | – အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး (၁၀:၀၀ နာရီမှ ၁၂: ၀၀ နာရီအထိ) |
| သင်တန်းတည်နေရာ | – အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရန်ဖုန်း | –၀၉-၈၅၅၃၂၈၂၈၅ |
| Email | –ictdevc.mmr@gmail.com |

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ် မြေကွက်အမှတ်-၃၃၁၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ အကျယ်အဝန်း(၄၀x၆၀)ပေ အကျယ်ရှိ ဦးစိုးမိုးအောင်အမည်ပေါက် နှစ် (၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလင်းကိုကိုဦး[၁၄/ဟသတ(နိုင်)၁၉၈၆၈၉၂]ထံမှ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၅) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဦးအောင်မျိုးသန့်[၇/နတလ(နိုင်)၁၂၀၅၅၃]**
**09440456561**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယလမ်း(၂၀)၊ မြေကွက်အမှတ်(၄၃၈/က)နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၄၃၈/က) ဧရိယာ (၀.၀၂၇)ဧက၊ စတုရန်းပေ (၁၂၀၀)ပေ၊(အလျားxအနံ)၊ (၂၀ပေx၆၀ပေ) အကျယ်အဝန်း၏ နှစ်(၆၀) မြေငှားဂရန် အမျိုးအစားဟု ခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက်၊ ကောလိယလမ်း(၂၀) အိမ်အမှတ်(၄၃၈/က) မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ထားသူများဖြစ်ကြသော ဦးလှမြင့်+ဒေါ်လှဝင်းတို့မှ ရောင်းချပြီး အစပ်အဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြသူ ဒေါ်မေသကြင်နိုစိုး [၁၂/ဥကတ(နိုင်)၁၈၅၄၅၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးကျော်မျိုးဇင် [၁၄/မမန(နိုင်)၂၉၅၃၇၄]၊ဒေါ်ရည်မွန်အောင် [၁၄/မမန(နိုင်)၂၄၂၉၇၉] တို့မှ (၂၄-၆-၂၀၂၀)ရက်နေ့တွင် စရန်ငွေပေးချေပြီး (၂၁-၆-၂၀၂၀) ရက်နေ့တွင် ဥပဒေနှင့် အညီ အဆိုပါ မြေကွက်အား အပြီးအပိုင် ငွေပေးချေပြီး လက်ရောက်လက်ခံ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးကျော်မျိုးဇင်+ဒေါ်ရည်မွန်အောင်တို့၏ တရားဝင်ခွင့်ပြုချက် မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အမည်ပြောင်းလဲခြင်း၊ မြေပုံမြေရာဇဝင် ကူးယူခြင်း အခြားသော ကိစ္စရပ်တို့အား ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးကျော်မျိုးဇင်+ဒေါ်ရည်မွန်အောင်တို့မှ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ဖြစ်ပေါ်လာမည့် အကျိုးအပြစ်တို့ကို ပြုလုပ်သူမှတာဝန်ယူရမည်ဖြစ်ပြီး လိုအပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးကျော်ကျော်လှိုင်**
**(LL.B,D.B.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ (၁၆) လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉- ၄၂၀၁၆၂၄၈၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနနှင့် ပြည့်စုံဝင်းနိုင်ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သောတိုက်ရှိ ကုမ္ပဏီအကျိုးအမြတ်ရရှိသော တိုက်ခန်းအမည်ပေါက်ထံမှဝယ်ယူထားသူက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ခင်ခင်အေးချို [၁၃/ရစန(နိုင်)၀၀၁၂၄၆](မှ) | ဒေါ်ဝင်းလှဲ့ရွှေရည် [၁၄/ညတန(နိုင်)၁၆၀၇၆၇] | တိုက်အမှတ်(၄၅)၊ အခန်းအမှတ် (A-21)၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် |

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**

## ဒေါ်ယဉ်မင်းသန့်နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၃)ရပ်ကွက်၊ ဇမ္ဗူရစ်ရွှေစင်လမ်း၊ အမှတ် (၁၇၇)ရှိ အလျားပေ(၄၀)xအနံပေ(၆၀) မြေကွက်နှင့်အိမ်ကို မြေချပါမစ်အမည်ပေါက် ဒေါ်ကျင်ခိုထံမှ (၁-၃-၁၉၉၉)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းထွေး[၁၂/ဥကမ(နိုင်)၀၉၆၇၃၉]က ဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်လျက်ရှိပါသည်။ ဒေါ်သန်းထွေးက ငွေကြေးအခက်အခဲဖြစ်သဖြင့် ဒေါ်ယဉ်မင်းသန့်ထံ အထက်ပါမြေကွက်၏ အလျားပေ(၁၀)xအနံပေ(၆၀)မြေကွက်ကို ကျပ်သိန်း(၃၀)ဖြင့် (၁၆-၁၁-၂၀၁၈) ရက်တွင် ပေါင်နှံခဲ့ရာ ဒေါ်ကျင်ခို အမည်ပေါက် မြေချပါမစ်(မူရင်း)နှင့် စပ်ဆက်စာရွက်စာတမ်းများကို အာမခံပစ္စည်းအဖြစ် ပေးအပ်ခဲ့ရပါသည်။ ယုံကြည်စွာအပ်နှံထားသည့် ဒေါ်ကျင်ခိုအမည်ပေါက် မြေချပါမစ်(မူရင်း)နှင့် ဆက်စပ်စာရွက်စာတမ်းများကို ပြန်လည်ရွေးနုတ်ရန်အကြောင်းကြားစာကိုလည်း ရှေ့နေမှတစ်ဆင့် ဒေါ်ယဉ်မင်းသန့်ထံ ပေးပို့ထားပြီးဖြစ်ပါသည်။ ထိုမြေကွက် နေအိမ်နှင့်ပတ်သက်၍ ဒေါ်သန်းထွေး၏ သဘောတူခွင့်ပြုချက်မရှိဘဲ၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ထပ်ဆင့်လွှဲပြောင်း ပေးအပ်ခြင်း၊ အရောင်းအဝယ်၊ အပေါင်အနှံပြုလုပ်ခြင်း၊ ဌာနဆိုင်ရာတွင် နှစ်(၆၀)မြေငှားဂရန်လျှောက်ထားခြင်း စသည့်ကိစ္စရပ်များ မပြုလုပ်ရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဝင်း(H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၁၈၄၃)(၆-၉-၁၉၈၅)**
**အမှတ်(၅၁၇)၊ မင်းရဲကျော်စွာ(၄)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၇၅၀၄၅**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်မော်**

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊**

**ထီးချိုင့်မဲဆန္ဒနယ်အမှတ်(၁)**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်သည် ၂၄-၆-၂၀၂၀ ရက် ည ၉:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများ**

## ဦးအေးကြည် (မြင်းခြံအသင်း)

**အသက်(၈၈)နှစ်**

**မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး(ဟောင်း)**

**သဃ်္ဃန်းကျွန်းမြို့နယ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက်(၁၁၉/၆)နေ (ဦးစံဦး၊ ဒေါ်စော)တို့၏ သား၊ (ဒေါ်သောင်းကြည်)၏ ခင်ပွန်း၊ (ဦးသန်းဦး)၊ ဦးစိုးအေး၊ ဦးသန်းအေး၊ (ဦးသိန်းအေး)၊ ဦးမျိုးအေး၊ ဒေါ်သီဂီအေးတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးအေးကြည်သည် ၂၄-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၅၀ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျောင်လှိုင်

**အသက်(၈၄)နှစ်**

(ဦးစိန်ယု-ဒေါ်ဘိကြူး)တို့၏ သားသမက်၊ (ဒေါ်လောင်အန်ကြို)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၅၂)နေ ဦးထွန်းမြင့်-ဒေါ်စုစုလှိုင်၊ ဦးအောင်ကိုကို-ဒေါ်စုစုအေးတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ဟိန်းနန္ဒ၊ မောင်ကောင်းခန့်ဟိန်းတို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးကျောင်လှိုင် အသက်(၈၄)နှစ်သည် ၂၄-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးစောထွန်း**

**အသက်(၈၆)နှစ်**

သူငယ်ချင်းဖြစ်သူ ဒေါက်တာမြတ်မင်းထွန်း-ဒေါက်တာသူဇာမြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၄-၆-၂၀၂၀ ရက် နံနက် ၄:၁၅ နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၁-၁၉၉၉ ဆေးတက္ကသိုလ်(၂)**

**အတန်းမှ သူငယ်ချင်းများ**

## အထူးကျေးဇူးတင်လွှာ

၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားသော Dr. ဦးတိုးမြင့် အသက် (၆၇)နှစ်အား နာမကျန်းဖြစ်သည့်ကာလမှ ကွယ်လွန်သည့်အချိန်အထိ အထူးဂရုစိုက် ပြုစုကုသပေးသော မြိတ်မြို့၊ ချမ်းမြေ့ကျန်းမာရေးအထောက်အကူပြုအသင်း၊ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာ၊ဆရာမများ၊ Fever Clinic ဖျားနာအခမဲ့ ဆေးကုခန်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း မြိတ်မြို့နယ်/ခရိုင်၊ မြိတ်မြို့နယ် Covid-19 ကာကွယ်ထိန်းချုပ်ကုသရေးအတွက်အထောက်အကူပြုကော်မတီနှင့် ခရိုင်အရပ်ဘက်ပူးပေါင်းရေး ကော်မတီ၊ မြိတ်ခရိုင်အရေးပေါ်လူနာတင်ယာဉ်အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဝဋ္ဋသကနာရေးကူညီမှုအသင်း၊ ဝိုင်းဝန်းကူညီပေးသော မြို့မိမြို့ဖများနှင့် နာရေးသတင်းမေးမြန်းအားပေးကြသော အနယ်နယ် အရပ်ရပ်မှ ဆွေမျိုးညီအစ်ကိုမောင်နှမ မိတ်ဆွေများအားလည်းကောင်း၊ လူအား ငွေကြေးအားဖြင့် ကူညီထောက်ပံ့ကြသော ဆွေမျိုးသူငယ်ချင်း မိတ်ဆွေများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်**

**အသက်(၆၃)နှစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (မွေးရေ/ကျေးလက်)မှ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဒေါက်တာခင်ဇော်၏ ဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့် အသက်(၆၃)နှစ်သည် ၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၄၆ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ**

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တကောဝိဒ**

**သိက္ခာတော် (၃၄)ဝါ၊ သက်တော် (၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာ၊ ဇီးပင်ဝဲဘုန်းတော်ကြီးသင်ပညာရေး(ပရဟိတ)ကျောင်း ပဓာနနာယက၊ လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ဝင်၊ လှည်းကူးမြို့နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဖြစ်တော်မူသော ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ(မဟာသဒ္ဓမ္မဇောတိကဓဇ)သည် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်) ၂၃-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်) ၁-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။ ဈာပနကျင်းပရေးတပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမများ

## ဆရာကြီးဦးထွန်းမြင့် (တောင်ကုတ်)

**(ဂုဏ်ထူးဆောင်နာယကကြီး၊ နိုကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်)**

**သာကစ္ဆာဓမ္မဇောတိကဓဇ**

**အသက်(၁၀၀)**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နတ်မော်ရွာနေ (ဦးကျားဗိုလ်-ဒေါ်ပုမ) တို့၏ သား၊ ရွှေတိဂုံစေတီတော်(စနေထောင့်)၊ ရွှေတောင်ငွေတောင်တန်ဆောင်း၊ နိုကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (ဂုဏ်ထူးဆောင်နာယကကြီး၊ ဝိသုဒ္ဓိမဂ်သင်တန်းပြဆရာကြီး၊ သက်ကြီးအပူဇော်ခံပုဂ္ဂိုလ်) ဦးထွန်းမြင့်သည် ၂၄-၆-၂၀၂၀ ရက်နေ့ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၄)လမ်း၊ အမှတ်(၃၃)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဦးညွန့်ရင် (၉၅) နှစ်**

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)**

**အခြေခံပညာဦးစီးဌာန**

**အုပ်ချုပ်ရေးမှူး (ပညာတန်ဆောင်)၊ ငြိမ်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ မက်သဒစ်ဝင်းနေ (ဦးဖဲဘွင့်-ဒေါ်ငွေစိန်)တို့၏သားကြီး၊ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၆/၁၂၆)၊ မဉ္ဇူသကလမ်း၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၆)နေ (A.G.Eဦးထွန်း-ဒေါ်ကြင်မေ)တို့၏သားသမက်၊ ဦးမောင်ကို-(ဒေါ်ကံမိ)တို့၏ညီ/မောင်၊ [ဒေါ်မြမြသန်း (ခ) ဒေါ်ချစ်ချစ် ]၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိန်မြင့်)-ဒေါ်အေးပို၊ (ဦးခင်မောင်မြင့်)-ဒေါ်သိန်းသိန်းညွန့်၊ ဦးသန်းညွန့်-ဒေါ်မီမီအောင်၊ (ဦးတင့်လွင်)၊ (ဦးဇော်မင်းသန့်)-ဒေါ်လဲ့လဲ့မြင့်၊ ဒေါ်နိုင်နိုင်အေး၊ ဒေါ်ခိုင်ခိုင်ညွန့်၊ ဒေါ်နွဲ့နွဲ့အောင်၊ ဦးသန်းထွန်းအောင်-ဒေါ်ခင်သန္တာဦးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးပန်းမောင်

**ဒု-အထွေထွေမန်နေဂျာ (ထောက်ပံ့/ငြိမ်း)၊ မြန်မာ့မီးရထား**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာ/မရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၁၈)၊ မြေညီထပ်နေ (ဒေါ်မြင့်မြင့်စန်း)၏ခင်ပွန်း၊ (ဦးဖိုးထယ်-ဒေါ်အုန်းစိန်)တို့၏သား၊ ဒေါ်ခင်ရီ၏သားသမက်၊ ဒေါ်တင်လှ၏တူ၊ ကိုဝင်းလွင်ခိုင်-မသီဂီမော်၊ ကိုမြင့်မောင်ဟန်-မခင်အေးမွန်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ (ဒေါ်သိန်းငွေ)၊ (ဦးထွန်းရွှေ)၊ ဒေါ်ခင်မြ၊ (ဦးကြွေပု)၊ ဦးလှထွန်းတို့၏ညီ/မောင်သည် ၂၅-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၂၀ (စနေနေ့)တွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း (ထားဝယ်)**

**အသက် (၇၉) နှစ်**

ထားဝယ်အသင်း (ရန်ကုန်) နာယက ဦးသန်းဆွေ၏ဇနီး ဒေါ်ခင်ခင်ဝင်း အသက် (၇၉) နှစ်သည် ၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကအဖွဲ့၊ အမှုဆောင်ကော်မတီ**

**ထားဝယ်အသင်း (မော်လမြိုင်)**

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နနလဥလ) ဒေါက်တာခင်ခင်ဖြူ၏ အစ်မ ဒေါ်ခင်ခင်မြင့်(ခ)မလိန်း အသက်(၇၀)သည် ၂၄-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**

**လည်ပင်း ခွဲစိတ်ကု ပညာဌာန မိသားစု**

**ဆေးတက္ကသိုလ်၊ မန္တလေး**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ရေကောင်းချောင်း/ဆိတ်နား**

**သာသနာလင်္ကာရကျောင်းဆရာတော်ဘုရားကြီး**

**ဘဒ္ဒန္တဥသာဟာစာရမဟာထေရ်မြတ်**

**သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၇)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ရေကောင်းချောင်း-ဆိတ်နား နှစ်ရွာသားတို့ ကိုးကွယ်ဆည်းကပ် အလေးအမြတ်ပြုအပ်သော သာသနာလင်္ကာရကျောင်း၏ ပဓာနနာယက၊ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော၊ စတုသစ္စပကာသနီစသော ကျမ်းပြုအကျော်ဖြစ်သော သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၇)နှစ်ရှိသည့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥသာဟာစာရမဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း(၅)ရက်) ၂၄-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၂၄ နာရီတွင် ဘဝနတ်နန်းပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို သာသနာလင်္ကာရကျောင်းတော်မှ ယာယီစံပျော် နိဗ္ဗာန်ကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်) ၁-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်ဘုရားကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်များ၊ ဒါယကာ/ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အန္တိမဈာပန ပူဇော်ပွဲတော်ကို ပွင့်လင်းရာသီ၌သာ ကျင်းပပြုလုပ်မည်ဖြစ်၍ ထပ်မံအသိပေး ကြေညာပါမည်။

တပည့်များ၊ ဒါယကာ/ဒါယိကာမများ

## ဦးတင်ဝင်း (ထားဝယ်)

**အသက် (၇၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၂၈)နေ ဦးလှပို-(ဒေါ်သန်းကြည်)တို့၏ သားလတ်၊ ထားဝယ်မြို့နေ (ဦးဘသန်း-ဒေါ်ဖွားကြည်)တို့၏ သားသမက်၊ ဒေါ်မီမီအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်ရီရီသန်း၊ ဦးအောင်သန်း(အောင်ပို့ဆောင်ရေး)တို့၏ညီ၊ (ဦးလှဌေး-ဒေါ်မို့မို့ခိုင်)၊ ဦးကျော်ကျော်လှိုင် (မြို့နယ်လျှပ်စစ်မန်နေဂျာ-သဃ်္ဃန်းကျွန်း)-ဒေါ်နီနီလှတို့၏ အစ်ကို၊ ကိုတင်ကိုကို-မနန်းနှင်းနှင်းထွေး၊ ကိုအောင်အောင်မျိုးမင်း-မတင်ဝတ်ရည်၊ မတင်ဝတ်မှုံ၊ ကိုသက်နိုင်ဦး၊ မတင်မျိုးမျိုးအိ၊ (ကိုတင်ညီညီလတ်ထွေး)-မဇာဇာဟန်(အထက-၂၊ လသာ)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး ဦးတင်ဝင်း(ထားဝယ်)သည် ၂၃-၆-၂၀၂၀ ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးနေမျိုးရှိန်

**B.Sc (Geology)**

**သရုပ်ပြ၊ ဘူမိဗေဒဌာန**

**သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)**

**အသက် (၅၅) နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အောင်သုခလမ်း၊သီရိရတနာရိပ်သာနေ ဦးခင်မောင် (ဌာနမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-[ဒေါ်တင်မြင့်(အထက-၁၊ ရန်ကင်း-ငြိမ်း)]တို့၏ချစ်လှစွာသောသား၊ ရန်ကုန်မြို့နေ [ဦးကံညွန့်(ကုန်သွယ်လယ်ယာ)]-ဒေါ်လှမြင့်တို့၏သားသမက်၊ အမှတ်(D-7)၊ သစ်တောတက္ကသိုလ် (ရေဆင်း)နေ ဒေါ်အေးသွယ်သွယ်၏ချစ်လှစွာသောခင်ပွန်း၊မောင်အောင်ကောင်းမြတ်၏ချစ်လှစွာသောဖခင်၊ ဦးရဲထွဋ်(MRTV-ငြိမ်း)-ဒေါ်ခင်မေနွယ်(လ/ထညွှန်မှူး၊ နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)၊ ဦးထိန်ဝင်း (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)-ဒေါ်နွဲ့နွဲ့သင်း(စက်မှု-၂၊ ငြိမ်း)၊ ဦးအောင်မြင့်(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်မြသီတာ၊ ဦးမြင့်ဇော်(Forever Group)-ဒေါ်ခင်ခင်လတ်၊ ဦးဖြိုးတင့်-ဒေါ်ဖြူဖြူခင် (မြနီလာရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီး ဦးနေမျိုးရှိန်သည် ၂၄-၆-၂၀၂၀ ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျွဲကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင့်ဝေဦး**

**အကြီးတန်းအကောက်ခွန်မှူး (ငြိမ်း)**

**MIFFA အသင်း၏ Founder /ဒုဥက္ကဋ္ဌ (ဟောင်း)**

**အသက် (၆၇) နှစ်**

MIFFA အသင်းအား ပါဝင်တည်ထောင်ခဲ့သူ ဒုဥက္ကဋ္ဌဟောင်း ဦးတင့်ဝေဦးသည် ၂၂-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MIFFA အသင်း**

**ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ**

အနိစ္စ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# မြဝတီတံတား အမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၉၈ ဦး ဝင်ရောက်



**မြဝတီ ဇွန် ၂၅**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၉၈ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ပြန်လည်ဝင်ရောက်**

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၇၇၅ ဦး၊ ဇွန် ၁၄ ရက်တွင် ၆၀၀၊ ဇွန် ၁၅ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၁၇ ရက်တွင် ၈၇၇ ဦး၊ ဇွန် ၁၈ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၁၉ ရက်တွင် ၄၉၄ ဦး၊ ဇွန် ၂၀ ရက်တွင် ၆၅၇ ဦး၊ ဇွန် ၂၁ ရက်တွင် ၆၄၂ ဦး၊ ဇွန် ၂၂ ရက်တွင် ၈၄၈ ဦး၊ ဇွန် ၂၃ ရက်တွင် ၅၂၇ ဦး၊ ဇွန် ၂၄ ရက်တွင် ၅၉၇ ဦး၊ ယနေ့တွင် ၃၉၈ ဦး စုစုပေါင်း ၃၄၃၉၀ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၄၀၊ အမျိုးသမီး ၁၅၈ ဦး စုစုပေါင်း ၃၉၈ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**


ကြေးမုံ ယနေ့ ဖတ်စရာ

ဝန်ထမ်းနောင်ရေး စိတ်အေးဖို့ ရန်ပုံငွေစနစ် ထူထောင်စို့ — စာမျက်နှာ » ၈

အနောက်ဘက်ကမ်းအား တိုက်ခိုက်သိမ်းပိုက်မည့် အစ္စရေး၏ အစီအစဉ်ရုပ်သိမ်းရန် ကုလသမဂ္ဂ တောင်းဆို — စာမျက်နှာ » ၁၂

မြန်မာအမျိုးသမီးများအား ပြည်ပနိုင်ငံများသို့ ပို့ဆောင်ရောင်းစားသူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ် — စာမျက်နှာ » ၁၄

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၅


# ချင်းရွှေဟော် နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၀၀ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၂၅**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီတွင် ၇၇ ဦးနှင့် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ၂၃ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၀၀ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၀၀ တို့မှာ အမျိုးသား ၅၀၊ အမျိုးသမီး ၅၀ ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးဦး၊

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○**



ချင်းရွှေဟော် နယ်စပ်ဂိတ်တွင် နေရပ်ပြန်ပြည်သူတစ်ဦးအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးစဉ်။

# ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲများ ပြန်လည်ကျင်းပဖွယ်ရှိ

**ရန်ကုန် ဇွန် ၂၅**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့်ပြိုင်ပွဲများအနက် MNL ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲနှစ်ခုကို ပြန်လည်ကျင်းပရန် စီစဉ်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းဘောလုံးပြိုင်ပွဲများကို မတ် ၂၄ ရက်ကတည်းက ရပ်နားခဲ့ရပြီး ဇွန်လ ဒုတိယပတ်က ပြုလုပ်သည့် လိဂ်ကော်မတီ အစည်းအဝေးတွင် လူငယ်လိဂ်ပြိုင်ပွဲများကို ပြန်လည်ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် အသင်းများပေါင်းကာ ယူ-၁၉ နှင့် ယူ-၂၁ လိဂ်နှစ်ခုသာ ကျင်းပနေခြင်းဖြစ်သည်။ ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲနှစ်ခုမှာ ပထမအကျော့တစ်ဝက်တွင် ရပ်နားခဲ့ရခြင်းဖြစ်ပြီး ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့ ဖျက်သိမ်းသွားပြီဖြစ်သောကြောင့် ယင်းနှစ်သင်း၏ ရလဒ်များပယ်ဖျက်ကာ လက်ကျန်ပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထို့ကြောင့် ယူ-၁၉ လိဂ်တွင် ၁၈ သင်း၊ ယူ-၂၁ လိဂ်တွင် ၁၇ သင်းသာ ကျန်ရှိတော့မည်ဖြစ်ပြီး တစ်သင်းလျှင် ၁၀ ပွဲအောက်သာ ထပ်မံကစားရတော့မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မြင်းခြံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မိုးကြိုးဘေးအန္တရာယ်တို့အတွက် လိုက်လံအသိပညာပေး

**မြင်းခြံ ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မိုးကြိုးဘေးအန္တရာယ်တို့အတွက် အသိပညာပေးခြင်းကို ယနေ့နံနက် ၇ နာရီခွဲက အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။

**ဆောင်ရန်/ရှောင်ရန်များ**

မြင်းခြံခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်နန်းမြင့်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်သီတာမောင်နှင့် ဝန်ထမ်းများသည် အသံချဲ့စက်ဖြင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် အပြင်ထွက်လျှင် နှာခေါင်းစည်း ဝတ်ဆင်ရန်၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များ၊ မိုးကြိုးဘေးအန္တရာယ်များကို လိုက်လံနှိုးဆော်ခဲ့ကြသည်။

**လှည့်လည်နှိုးဆော်**

အဆိုပါ အသိပညာပေးနှိုးဆော်ရေးလုပ်ငန်းများကို မြင်းခြံမြို့ အမှတ်(၅) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်နှင့် မြင်းခြံမြို့မြောက်ဘက်ရှိ ပိုက်တဲကုန်း၊ ခေါင်းကွဲ၊ ကံရွာ၊ တောင်ကျွန်း၊ မြောက်ကျွန်းကျေးရွာများသို့အရောက် အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

